ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ စနေနေ့၊ (2-1-2016) (၈၄၃၃)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် အထောက်အကူပြုမည့်



## မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းကို ပြည်သူများအတွက် ၂၀၁၆ ခုနှစ် နှစ်သစ်ကူးလက်ဆောင်အဖြစ် ဖွင့်လှစ်ပေးခဲ့

ရှာင် ဇန်နဝါရီ ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှာင်မြို့နယ်ရှိ မြို့ကြီးဘက်စုံရေလှောင်တမံစီမံကိန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးဝင်းထွန်း၊ ဒေါက်တာမြင့်အောင်၊ ဦးရဲထွဋ်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်တို့နှင့်အတူ ယနေ့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် မြို့ကြီးဘက်စုံရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ ဓနုနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါ ရေလှောင်တမံဖွင့်ပွဲအခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဖွင့်ပွဲအထိမ်းအမှတ်စကား ပြောကြားရာတွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱**

**မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းသည် မန္တလေးတိုင်းဒေသကြီးရှိ ဇော်ဂျီဆည်ရေသောက် ဧရိယာ ဧက ၈၂၀၀၀ အား စိုက်ပျိုးရေ လုံလောက်စွာဖြည့်တင်းပေးဝေနိုင်မည်ဖြစ်ပြီး ပူပြင်းခြောက်သွေ့သည့် မိတ္ထီလာလွင်ပြင်ဒေသအတွင်းရှိ မြေဧရိယာ ဧက ၃၃၀၀၀ ကို စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်မည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံအား ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



## ထူးခြားသည့် ညအပူချိန်များ

| | | |
|---|---|---|
| ပူတာအို | ၇ | ဒီဂရီစင်တီဂရိတ် |
| ခန္တီး | ၇ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၈ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၈ | ဒီဂရီစင်တီဂရိတ် |
| မိုးမိတ် | ၈ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၈ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၈ | ဒီဂရီစင်တီဂရိတ် |



# (၅၄) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော်　　ဇန်နဝါရီ　　၁**

(၅၄) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ဗိုလ်လုပွဲသို့ တက်ရောက်လာသည့် အသင်းများဖြစ်သည်နှင့်အညီ ခြေရည်တူစွာ တစ်ဖက်နှင့်တစ်ဖက် အနိုင်မခံ အရှုံးမပေးသည့်စိတ်ဓာတ်များဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါဘောလုံးပြိုင်ပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) ရုံး/ဌာနများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်များမှအရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တပ်မတော်ဘောလုံးအကယ်ဒမီမှ သင်တန်းသားများနှင့် အားကစားဝါသနာရှင်ပရိသတ်များ တက်ရောက်အားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပြုလုပ်ရာ တပ်မတော် (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသော အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် (က)အဆင့် ပြိုင်ပွဲတွင် တတိယဆုရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့အား ငွေသားဆုနှင့် တစ်ဦးချင်းဆုများကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးကလည်းကောင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် (က)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့အား ငွေသားဆုနှင့်တစ်ဦးချင်းဆုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးကလည်းကောင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဃ)အသင်းအား တစ်ဦးချင်းဆုများ၊ (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား တစ်ဦးချင်းဆုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေကလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ (ခ)အဆင့်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် (က)အဆင့်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့အား ဆုဖလားနှင့်ငွေသားဆုများကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းကလည်းကောင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် နေရာအလိုက်အကောင်းဆုံး ရရှိသူများအား ဆုကလပ်နှင့်ငွေသားဆုများကို ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်ကလည်းကောင်း၊ (က)အဆင့်ပြိုင်ပွဲတွင် နေရာအလိုက်အကောင်းဆုံးရရှိသူများအား ဆုကလပ်နှင့်ငွေသားဆုများကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ (ခ)အဆင့်တွင် ပထမဆုရရှိသော ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဃ)အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလား၊ ကိုယ်ပွားဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။



ဇင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ (က)အဆင့်တွင် ပထမဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလား**(အပေါ်ပုံ)**၊ ကိုယ်ပွားဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ (၅၄) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ (က)အဆင့်ပြိုင်ပွဲနှင့် (ခ)အဆင့်ပြိုင်ပွဲခွဲခြားကာ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် ဇုန်များခွဲ၍လည်းကောင်း (နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌) ဒုတိယအဆင့်ရှုံး/ထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲများအား ဒီဇင်ဘာ ၁၃ ရက်မှစတင်၍ (က)အဆင့်နှင့်(ခ)အဆင့်ပြိုင်ပွဲဝင်အသင်း ရှစ်သင်းစီဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး ယနေ့တွင် ဗိုလ်လုပွဲကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**

## အောင်ဘာလေဆုမဲများထွက်ပေါ်

**နေပြည်တော်　　ဇန်နဝါရီ　　၁**

**အထူးဆုကြီးတစ်ဆု**
**ကျပ်သိန်း (၁၅၀၀)**

စ-၉၄၉၇၄၄

**ဆုကြီးတစ်ဆုချင်း**
**ကျပ်သိန်း(၁၀၀၀)**

ဂ-၁၆၈၈၁၂　　က-၃၂၉၇၈၆

**ဆုကြီးတစ်ဆုချင်း**
**ကျပ်သိန်း (၅၀၀)ဆုများ**

ဖ-၁၂၀၆၉၃　　ဗ-၁၇၇၉၁၉
ခ-၃၀၉၂၉၀　　စ-၈၅၆၁၅၁
ဘ-၉၃၇၁၅၈

**ဆုကြီးတစ်ဆုချင်း**
**ကျပ်သိန်း (၃၀၀)ဆုများ**

တ-၁၀၃၂၈၅　　ဌ-၈၅၆၅၈၃
ကဂ-၅၈၈၂၇၉　　ဒ-၈၇၉၈၅၁
င-၇၀၆၈၂၂　　ဘ-၉၇၃၅၇၀

**ဆုကြီးတစ်ဆုချင်း**
**ကျပ်သိန်း (၂၀၀)ဆုများ**

ကစ-၄၅၁၆၉၃　　လ-၇၈၂၅၂၀
တ-၄၅၆၂၅၈　　ကဃ-၉၃၇၃၆၈
ဘ-၅၉၃၇၈၅　　ပ-၉၈၃၄၄၇
ဒ-၇၂၅၆၄၃

**ဆုတစ်ဆုချင်း**
**ကျပ်သိန်း(၁၀၀)ဆုမဲများ**

ဒ- ၁၃၁၂၃၇　　ယ-၄၁၉၇၇၄
ဃ-၆၉၁၀၆၁　　ဠ-၉၄၅၀၇၀
ခ-၁၆၃၁၁၉　　င-၄၄၄၇၀၆
ကက-၇၆၂၀၈၂　　စ-၉၅၇၂၇၈
ဖ-၂၄၄၈၇၉　　ဍ-၅၅၃၃၁၃
အ-၈၅၅၇၈၉　　ဌ-၉၉၈၃၄၃
ည-၃၆၁၈၅၀　　ခ-၆၃၃၅၄၂
ပ-၈၇၄၆၂၂　　တ-၄၁၆၇၆၃
ကက-၆၆၉၃၁၇　　ကဆ-၉၃၃၉၀၇



## သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန်　　ဇန်နဝါရီ　　၁**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေး ပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာနိုင်ငံ ဆရာဝန်များအသင်းရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် (၁)နှစ်မှ (၂)နှစ်အထိ ကလေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် (၆)လမှ (၁)နှစ်အထိ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းတို့ကလည်းကောင်း၊ မွေးစမှ (၆)လအထိ ကလေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် ကလေးအမြွှာပြိုင်ပွဲနှင့် သားကောင်းမိခင်ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးများကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

**(သတင်းစဉ်)**

## ကျေးလက်စာကြည့်တိုက်မှူး သင်တန်းဖွင့်ပွဲကျင်းပ

**ခန္တီး　　ဇန်နဝါရီ　　၁**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ခန္တီးမြို့၌ ကျေးလက်စာကြည့်တိုက်မှူးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက ခန္တီးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဆွမ္မရာမြို့နယ်ရုံး ဒုတိယဦးစီးမှူး ဒေါ်ခင်ဆွေဝင်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရှင်သန်ခိုင်မာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လေရှီးမြို့နယ် ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းက စာကြည့်တိုက် စီမံခန့်ခွဲရေးခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျေးလက်စာကြည့်တိုက်မှူး သင်တန်းကို ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ ဖွင့်လှစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။

**ချန်လော(ခန္တီး)**

## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန်　　ဇန်နဝါရီ　　၁**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်မှုအောက်ရှိ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်းနှင့် မြန်မာနိုင်ငံ ငါး/ပုစွန်အစာ ထုတ်လုပ်ရောင်းဝယ်သူများအသင်း၏ နှစ်ပတ်လည်အစည်းအဝေး အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်းအင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည်အစည်းအဝေးသို့ တာဝန်ရှိသူများ၊ သက်ဆိုင်ရာအသင်းသားများနှင့် အခြားဖိတ်ကြားသင့်သူများကို ဖိတ်ကြားထားကြောင်းနှင့် အဆိုပါလုပ်ငန်းဆိုင်ရာအသင်းလေးသင်း၏ အသင်းဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

**ပဲခူး　　ဇန်နဝါရီ　　၁**

ပဲခူးတိုင်းဒေသကြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပဲခူးမြို့နယ် စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာပေဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီတွင် အထကခွဲ (၂) ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးမြို့နယ် စာရေးဆရာများအသင်းဥက္ကဋ္ဌ ဆရာဦးတင်မြင့်ကြွယ်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဌေးက “ရည်မှန်းချက်ထား”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာနေနွယ်မောင်က “လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများ” ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါအခမ်းအနားသို့ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက်နားထောင်ကြပြီး ပြသထားသော နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# အာဆီယံအတွင်းရေးမှူးချုပ်ဟောင်း ထိုင်းဝန်ကြီးချုပ်နေရာအတွက် ရွေးကောက်ပွဲဝင်ပြိုင်မည်

**ဘန်ကောက် ဇန်နဝါရီ ၁**

အာဆီယံအတွင်းရေးမှူးချုပ်ဟောင်း ဆူရင် ပစ်ဆူဝန်သည် လာမည့် ရွေးကောက်ပွဲတွင် ထိုင်းဝန်ကြီးချုပ် ရာထူးနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁ ရက်တွင် ပြောကြားသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ဟောင်း တစ်ဦးဖြစ်သူ ဆူရင်ပစ်ဆူဝန်က ယခုလောလောဆယ် ထိုင်းဝန်ကြီးချုပ်ဟောင်း အဘီဆစ် ဝိချာချိဝ ဦးဆောင်နေသည့် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် နေရာကို ယှဉ်ပြိုင်ခြင်းသည် နိုင်ငံရေးလောကသို့ ပြန်လည်ခြေဦးလှည့်ရန် ပထမဆုံးခြေလှမ်းဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။

ထိုင်းနိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံးဖြစ်သော ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင်နေရာကို ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပါက ဒီမိုကရက်တစ်ပါတီမှ ဝန်ကြီးချုပ်ရာထူးအတွက် ရွေးချယ်ခံသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ပါတီခေါင်းဆောင်နေရာအတွက် အဘီဆစ်ကသာ ဆူရင်ပစ်ဆူဝန်ကို ဆက်လက်အနိုင်ရရှိသွားခဲ့မည်ဆိုလျှင် ၂၀၀၅ ခုနှစ်ကတည်းက ရယူထားခဲ့သည့် ၎င်း၏ ပါတီခေါင်းဆောင်ရာထူးသက်တမ်းကို ထပ်မံတိုးမြှင့်သွားနိုင်မည်ဖြစ်သည်။

အသက် (၆၆)နှစ်ရှိ ဆူရင်ပစ်ဆူဝန်သည် ၎င်း၏ဇာတိ ထိုင်းနိုင်ငံ တောင်ပိုင်းရှိ နာခွန်ဆရီ သာမာရက်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာစဉ်ကတည်းက ဝါရင့် ဒီမိုကရက်တစ်ပါတီဝင်တစ်ဦးဖြစ်သည်။

လက်ရှိထိုင်းဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာက လာမည့် ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းတွင် အထွေထွေရွေးကောက်ပွဲကျင်းပသွားမည်ဟု ကတိပြုပြောကြားခဲ့ပြီး ရွေးကောက်ပွဲတွင် ၎င်းကိုယ်တိုင်ဝင်ရောက်ယှဉ်ပြိုင်ပြီး အစိုးရအဖွဲ့အကြီးအကဲအဖြစ် ပြန်လည်ထမ်းဆောင်မည်ဟူသော ထင်ကြေးပေးပြောဆိုမှုများကိုလည်း ငြင်းဆိုသွားခဲ့သည်။ **ဆင်ဟွာ။**


အာဆီယံ အတွင်းရေးမှူး ချုပ်ဟောင်း ဆူရင် ပစ်ဆူဝန်

# အီရန် ဒုံးကျည်အစီအစဉ်နှင့်ပတ်သက်၍ အရေးယူအပြစ်ပေးရန် အမေရိကန်ပြင်ဆင်

**ဝါရှင်တန် ဇန်နဝါရီ ၁**

အီရန်နိုင်ငံ၏ ဒုံးကျည်အစီအစဉ်နှင့် ပတ်သက်၍ နိုင်ငံတကာကုမ္ပဏီများနှင့် တစ်သီးပုဂ္ဂလများအား အရေးယူပြစ်ဒဏ်ခတ်ရန် အမေရိကန် သမ္မတ ဘာရက်အိုဘားမား၏ အစိုးရအဖွဲ့က ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်၏ ဒုံးကျည်အစီအစဉ်အကောင်အထည်ဖော်ရေးတွင် ပံ့ပိုးကူညီပေးသည်ဟု မသင်္ကာရသည့် အီရန်၊ ဟောင်ကောင်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)တို့ရှိ ကုမ္ပဏီများနှင့် တစ်သီးပုဂ္ဂလ ၁၂ ခုခန့်ကို အမေရိကန်အစိုးရက အရေးယူဒဏ်ခတ်ဖွယ်ရှိသည်ဟု ဝေါလ်စထရိဂျာနယ် သတင်းစာက ရေးသားဖော်ပြသည်။

အီရန်နိုင်ငံ၏ ဒုံးကျည်ဖွံ့ဖြိုးရေးအစီအစဉ်၌ ပါဝင်ပတ်သက်သော အီရန်ကုမ္ပဏီများနှင့် တစ်သီးပုဂ္ဂလတို့ကို အရေးယူပြစ်ဒဏ်ခတ်ခွင့်ရှိသည်ဟု ယင်းနိုင်ငံနှင့် အနောက်အင်အားကြီးနိုင်ငံများအကြား ဇူလိုင်လက ရရှိခဲ့သောသဘောတူညီချက်တွင် ဖော်ပြထားကြောင်း၊ အမေရိကန်ဘဏ္ဍာရေးဌာနက ယင်းသို့သော ပြစ်ဒဏ်ခတ်မှုအတွက် လုပ်ဆောင်ခွင့်ရှိကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

အီရန်၏ဒုံးကျည်အစီအစဉ်ဖွံ့ဖြိုးရေးအတွက် အားပေးသူများကို အရေးယူနိုင်ရန် မိမိတို့စဉ်းစားသုံးသပ်နေကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

**ရိုက်တာ။**

# ဒူဘိုင်းမြို့ အထပ်မြင့်ဟိုတယ်တစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွား အနည်းဆုံးလူ ၁၆ ဦးထိခိုက်ဒဏ်ရာရ

**ဒူဘိုင်း ဇန်နဝါရီ ၁**

ဒီဇင်ဘာ ၃၁ ရက်ညပိုင်းအချိန်တွင် အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့ရှိ အထပ်မြင့် ဟိုတယ် တစ်လုံး မီးလောင်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၆ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းမှုမှာ အထပ် ၆၃ ထပ်မြင့်သော အက်ဒရက်စ်ဒေါင်းတောင်း ဒူဘိုင်းဟိုတယ်၏ အထပ် ၂၀ တွင် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ဆိုသည်။ မီးလောင်ကျွမ်းမှုကြောင့် ဟိုတယ်အပြင်ဘက်သို့ပင် မီးညွန့်များ လျှံထွက်ခဲ့ကြောင်း သိရသည်။

မီးလောင်ခြင်းအကြောင်း အရင်းကို သိရှိရန် မီးသတ်သမားများက ကြိုးပမ်းလျက်ရှိသည်။ ကမ္ဘာလှည့်ခရီးသည်များ အပါအဝင် ဒေသခံပြည်သူများက ယင်းဟိုတယ်အနီးတွင် နှစ်သစ်ကိုကြိုဆိုသည့်အနေဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ကစားနေစဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။



အက်ဒရက်စ် ဒေါင်းတောင်း ဒူဘိုင်းဟိုတယ် မီးလောင်မှုဖြစ်ပွားခဲ့သော်လည်း ယင်းဟိုတယ် အနီးရှိ ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံတွင် နှစ်သစ်ကူးပွဲတော်ကို စီစဉ်ထားသည့်အတိုင်း ဆက်လက်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

# အီဂျစ်၌ ကူးတို့ရေယာဉ်တစ်စင်းနစ်မြုပ် လူ ၁၈ ဦးထက် မနည်းသေဆုံး

**ကိုင်ရို ဇန်နဝါရီ ၁**

အီဂျစ်နိုင်ငံ၌ ဒီဇင်ဘာ ၃၁ ရက်နှောင်းပိုင်းက နိုင်းမြစ်အတွင်း ကူးတို့ရေယာဉ်တစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာ ၁၈ ဦးထက် မနည်းသေဆုံးကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

မြို့တော်ကိုင်ရို မြောက်ဘက် ကီလိုမီတာ ၁၄၀ ခန့်အကွာ ကာဖာအယ်လ်ရှိတ် ပြည်နယ်၌ ယင်းမတော်တဆမှုဖြစ်ပွားခြင်း ဖြစ်သည်။

ပြည်နယ်အတွင်းရှိ ကာဖာအယ်လ်ရှိတ်မြို့နှင့် ဘီဟိုင်ရာမြို့အကြား ခရီးသည်များကို သယ်ယူပို့ဆောင်ပေးစဉ် ရေယာဉ်နစ်မြုပ်မှုဖြစ်ပွားခြင်းဖြစ်သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး အယ်လ်ဆေယက်နာဆာက ပြောကြားသည်။

နစ်မြုပ်သွားသော ကူးတို့ရေယာဉ်ပေါ်တွင် ခရီးသည် ၂၂ ဦးလိုက်ပါလာခဲ့ကြောင်း မီဒီယာသတင်းဌာနက ဖော်ပြသည်။ ရေယာဉ်နစ်မြုပ်မှုဖြစ်ပွားသည့်အကြောင်းရင်းကို လတ်တလောတွင် ရှင်းလင်းစွာ မသိရသေးပေ။

ကူးတို့ရေယာဉ်၌ ဝန်ပိုတင်မှုကြောင့် သို့မဟုတ် ဆိုးရွားသော ရာသီဥတု အခြေအနေကြောင့် နစ်မြုပ်ရခြင်းဆိုသည်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးမှ ဖော်ထုတ်နိုင်မည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ဘေးဒုက္ခသင့်သူများ ပိုမိုရှိနိုင်သေးသည်ဟု ယူဆသဖြင့် ရှာဖွေကယ်ဆယ်ရေးသမားများက ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ယမန်နှစ် ဇူလိုင်လအတွင်းက မြို့တော်ကိုင်ရိုအနီးရှိ နိုင်းမြစ်တွင်း၌ ရေယာဉ်ချင်းတိုက်မိမှု တစ်ခုဖြစ်ပွားခဲ့ရာ လူ ၃၁ ဦး သေဆုံးခဲ့သည်။ **ဆင်ဟွာ။**



# အာရှ၏အကြီးဆုံးသော မြေအောက်ရထားဘူတာရုံ တရုတ်နိုင်ငံ ရှန့်ကျန်းမြို့၌ ဖွင့်လှစ်

**ကွမ်ကျိုး ဇန်နဝါရီ ၁**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ် ရှန့်ကျန်းမြို့၌ မြေအောက်ရထားဘူတာရုံသစ်ကို ဖွင့်လှစ်လိုက်ကြောင်း၊ ယင်းမြေအောက်ရထား ဘူတာရုံသည် အာရှတိုက်၌ အကြီးဆုံး မြေအောက်ရထားဘူတာရုံဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ရှန့်ကျန်းမြို့လယ်ရှိ မြေအောက်ရထားဘူတာရုံသစ်သည် အကျယ်အဝန်း စတုရန်းမီတာ ၁၄၇၀၀၀ ရှိသဖြင့် ဘောလုံးကွင်း ၂၁ ကွင်းစာမျှ ဧရိယာရှိသည်။ မြေအောက်ရထားဘူတာရုံမှာ သုံးထပ်အဆောက်အအုံဖြစ်ပြီး ခရီးသည် ၃၀၀၀ အတွက် ဝန်ဆောင်ပေးနိုင်ကြောင်း ကွမ်ကျိုးရထားလုပ်ငန်း ကော်ပိုရေးရှင်းက ပြောကြားသည်။

ကွမ်ကျိုး-ရှန့်ကျန်း-ဟောင်ကောင် အမြန်ရထားလမ်းသစ်ရှိ ဘူတာရုံ ခုနစ်ရုံတွင် ယင်းဘူတာရုံ ပါဝင်သည်။

ရှန့်ကျန်းနှင့် ကွမ်ကျိုးမြို့နှစ်မြို့အကြား အမြန်ရထားလမ်းသစ် ဖောက်လုပ်ခဲ့ပြီး ရထားခုတ်မောင်းချိန်ကို မိနစ် ၅၀ နီးပါး လျှော့ချပေးနိုင်မည်ဖြစ်သည်။

မြေအောက်ရထား ဘူတာရုံသစ် စတင်ဖွင့်လှစ်သည့်ကာလအတွင်း နေ့စဉ် ခရီးသည် ၁၀၀၀၀ ခန့် ဖြတ်သန်းသွားလာမည်ဟု မျှော်လင့်ရကြောင်း ကွမ်ကျိုးရထားလုပ်ငန်းကော်ပိုရေးရှင်းက ပြောကြားသည်။ **ဆင်ဟွာ။**

# ပျဉ်းမနားမြို့ ဘိုးဘွားရိပ်သာနှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဇန်နဝါရီ ၁ ရက်က ပျဉ်းမနားမြို့ ဘိုးဘွားရိပ်သာ၌အဘိုး၊အဘွားများကိုနှစ်သစ်ဦးမင်္ဂလာအဖြစ် အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများလှူဒါန်းသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ ဘိုးဘွားရိပ်သာနှစ်ပတ်လည်နေ့ အထိမ်းအမှတ် (၂၅)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲနှင့် ငွေပဒေသာပင်လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးရဲ့လမ်းညွှန်မှုအရ ရန်ကုန်မြို့တွင် နိုင်ငံတော်အနေနဲ့ အခမဲ့ ပထမဆုံးသက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်မှုဂေဟာ (Day Care Center For the Aged )ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် အောင်မြင်စွာဖွင့်လှစ်ခဲ့ပြီး အသက်(၇၀)နှစ်နှင့်အထက် အဘိုး၊ အဘွား(၁၀၀)ကျော်ကို အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ် ပြုစုစောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ယနေ့အချိန်အထိတစ်နိုင်ငံလုံးအတွင်းရှိ အသက်(၁၀၀)နှစ်နှင့်အထက်အဘိုး၊ အဘွား စုစုပေါင်း ၁၂၄၇ ဦးကို နိုင်ငံတော်၏ သက်ကြီးဝါကြီးဂုဏ်ပြုခံပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ဂုဏ်ပြုလွှာများနှင့် အဘိုး၊ အဘွားတစ်ဦးလျှင် ချီးမြှင့်ငွေကျပ်နှစ်သိန်းစီဖြင့် စုစုပေါင်း ၂၄၉၄ သိန်းကို ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးတွင်ယနေ့အချိန်အထိကောက်ယူရရှိထားသည့် အသက်(၉၀)နှစ်နှင့်(၁၀၀)နှစ်အကြား အဘိုး၊အဘွားစုစုပေါင်း ၂၃၁၈၇ ဦးအတွက် တစ်ဦးလျှင် ၁၈၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၁၇၃ ဒသမ ၆၆ သိန်းကို ဝန်ကြီးဌာနဘတ်ဂျက်မှ ထောက်ပံ့ပေးလျက်ရှိပါကြောင်း ပြောကြားသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာန (၂၇) ခုမှ ကိုယ်စားလှယ်များက ငွေပဒေသာပင် စုစုပေါင်း ၂၅၄ ဒသမ ၅၂ သိန်းကျော်အား ငွေပဒေသာပင်စိုက်ထူရန်အတွက် ဘိုးဘွားရိပ်သာဥက္ကဋ္ဌထံပေးအပ်ပြီး ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ သံဃာတော် ၁၀၈ ပါးနှင့် သီလရှင် ၄၅ ပါးတို့ကို ဆွမ်းဆန်တော်များနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်ဩဝါဒါစရိယ ဒေါက်တာဘဒ္ဒန္တသောနက ဘဝနတ်ထံပျံလွန်တော်မူ

**ရန်ကုန် ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသောနကသည် သက်တော် ၈၅ နှစ်၊ သိက္ခာတော် ၆၅ ဝါအရ ၁၃၇၇ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက် ဒီဇင်ဘာ ၃၁ ရက် ကြာသပတေးနေ့ ည ၈ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## လူထုဗဟိုပြုစီမံကိန်းအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ လူထုဗဟိုပြုစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက်က ကော့မှူးမြို့နယ် အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်း၊ World Bank ဌာနကိုယ်စားလှယ် Mr.Nickolas Myint၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်ကြီးမြို့ ဗျူဟာလမ်းကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်

**ကျောက်ကြီး ဇန်နဝါရီ ၁**

(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သိန်တန်းရပ်ကွက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူခင်းကျင်းခဲ့သော ဗျူဟာလမ်းကတ္တရာထပ်ပိုးလွှာလမ်းသစ်ကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

လမ်းသစ်ဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဘေဘီအုန်း၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးညီညီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမောင်ကြည်၊မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါလမ်းသစ်သည် အရှည်ပေ ၅၅၀၊ အကျယ် ၁၀ ပေ၊ ထုသုံးလက်မရှိပြီး စည်ပင်သာယာရေးအဖွဲ့၏ ထည့်ဝင်ငွေ ၃၇ ဒသမ ၁ သိန်းဖြင့် ခင်းခဲ့ခြင်း ဖြစ်ကြောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့တာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏမောင်က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းလမ်းသည် သိန်တန်းရပ်ကွက်နှင့် မေတ္တာရပ်ကွက်တို့ ဖြတ်သန်းသွားလာရာတွင် လွယ်ကူပြီး အိမ်ခြေ ၁၁၁၁ အိမ်၊ လူဦးရေ ၅၆၁၀ တို့ အသုံးပြုနိုင်ကာ ခရီးသွားများနှင့် ရပ်ကွက်နေပြည်သူများသွား လာရေးအဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



# သံဃာ့ဆေးကုသဆောင်သစ် ရေဦး၌ဖွင့်

**ရေဦး ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ သံဃာ့ ဆေးကုသဆောင်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက ကျင်းပပြီး ခေတ်မီနည်းပညာများဖြင့် ကုသပေးသွားမည်ဖြစ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများက သံဃာ့ဆေးရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက သံဃာ့ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အောင်ဇမ္ဗူဆရာတော်က မော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။ ဆက်လက်၍ ဆေးရုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကို အောင်ဇမ္ဗူသာသနာပြု အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကျော်ညွန့်က ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူထံ လွှဲပြောင်းပေးအပ်သည်။

အောင်ဇမ္ဗူဆရာတော်က ဆောက်လုပ်လှူဒါန်းသည့် သံဃာ့ဆေးကုသဆောင်သည် အလျား ပေ ၈၀× အနံ ပေ ၆၀ ရှိ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်သည်။ ယင်းဆေးကုသဆောင်ကို ၂၀၁၅ ခုနှစ် မတ်လက စတင်တည်ဆောက်ခဲ့ပြီး ဒီဇင်ဘာ ၁၅ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ကာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် နိုင်ငံတော်သို့ အပ်နှံခဲ့ခြင်းဖြစ်သည်။ အဆိုပါဆေးကုသဆောင်ကို ငွေကျပ် သိန်း ၂၅၀၀ ကျော် အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယင်းဆေးကုသဆောင်နှင့်အတူ လူနာတင်ယာဉ်တစ်စီးနှင့် မီးသတ်ယာဉ်တစ်စီလည်း လှူဒါန်းခဲ့သည်။ ထို့ပြင် ရေဦးမြို့ရှိ အခြေခံပညာကျောင်းများအတွက် ငွေကျပ် သိန်း ၈၀ နှင့် ကွန်ပျူတာ ၁၁ စုံတို့ကိုလည်း လှူဒါန်းခဲ့သည်။

**ခင်မျိုးနိုင်(ကြေးမုံ)**

# မအူပင်၌ မီးလောင်မှုဖြစ်ပွား

**မအူပင် ဇန်နဝါရီ ၁**

မအူပင်မြို့နယ် အမှတ် (၃) ရပ်ကွက် ဈေးလမ်းနေ တေဇလမ်းထိပ်ရှိ ဦးမြကြင် ပရိဘောဂနေအိမ်မှ ဇန်နဝါရီ ၁ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ သစ်သားအိမ် နှစ်လုံး၊ လေးထပ်တိုက် တစ်လုံးနှင့် စီးပွားကူးသန်းပိုင် နှစ်ထပ်တိုက်အတွင်းပိုင်း ပျက်စီးလောင်ကျွမ်းခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းရာသို့ အမှတ်(၂၇) တပ်ရင်းမှူးဦးစီးသော အရာရှိများ၊မအူပင်ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မအူပင်၊ ညောင်တုန်း၊ ကျိုက်လတ်၊ ဖျာပုံ၊ ရေလဲကျေးရွာတို့မှ မီးသတ်ကားများ၊ စည်ပင်သာယာအဖွဲ့ပိုင် ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ် တွင် မီးညွန့်ကျိုးခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**(၆၉၁)**

❖



# ကျောင်းပေါင်းစုံ ပြေး၊ ခုန်၊ ပစ် အားကစားပြိုင်ပွဲကျင်းပ

**ပဲခူး ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းအားကစားကွင်း၌ ကျောင်းသားကျောင်းသူများ ကိုယ်ကာယဉာဏ်စွမ်းရည်တိုးတတ်ကောင်းမွန်လာစေရန် ရည်ရွယ်၍လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုကျောင်းပေါင်းစုံပြေး၊ ခုန်၊ ပစ်အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၃၀ ရက် နံနက်က ကျင်းပခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲတွင် အထက်တန်း၊အလယ်တန်း၊မူလတန်းအဆင့်တို့မှ ကျောင်းသားကျောင်းသူပေါင်း ၂၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သက္ကရာဇ်အကြောင်း သိကောင်းစရာ

**အဆိုကျော် ဦးထွန်းရွှေ**

**- မဟာ ကောဇာ - နောက် ဂေါဇာ - (၃)ဖြာ ခေါ်လစ် သက္ကရာဇ်**
**- စိစစ်မှသာ နှစ်ကောဇာ - မှန်စွာ သနစ်ဆိုပြောဖြစ်**
**- သိချင်သောသူ - မိပ္ပာယ်ယူ - အောက်မူဖော်လှစ် စာတန်းသစ်**
**- စာတန်းအလှ ဖတ်ကြည့်မှ သိရ စင်စစ် မိပ္ပာယ်ဖြစ် . . .**

**မြတ်စွာဘုရား၏ ဘိုးတော် အဉ္ဇနမင်းကြီး(ခ) မဟာသုပ္ပဗုဒ္ဓမင်းကြီး သက္ကရာဇ်ဖြိုခြင်းအကြောင်း**

မြတ်စွာဘုရား၏ဘိုးတော် (သီရိမဟာမာယာဒေဝီ၏ခမည်းတော်) ဒေဝဒဟပြည့်ရှင် ဘုရင်အဉ္ဇနမင်းကြီးသည် မိမိ၏ခေတ်လက်ထက်၌ ရှိရင်းစွဲ ရောက်ဆဲဖြစ်သော ဂေါဇာသက္ကရာဇ် (၈၆၄၉)ရှစ်ထောင်ခြောက်ရာလေးဆယ့်ကိုးခုကို ထိုနှစ် တပေါင်းလကွယ် စနေနေ့အထိ ဖြိုပြီးလျှင် (ဗေဒင်နည်းအရဖျောက်ချေပယ်ဖျက် စွန့်ပစ်လိုက်ပြီးလျှင်(တစ်နည်း)ထိုရေးမှတ်ခဲ့သော သက္ကရာဇ်အရေအတွက်ကိုရေးမှတ်သုံးစွဲခြင်း မပြုကြရန် စီမံပြဋ္ဌာန်းပြီးလျှင်) တန်ခူးလဆန်း ၁ ရက် တနင်္ဂနွေနေ့ကို အစပြု၍ သက္ကရာဇ်တစ်ခုကို ထားလေသည်။ (ထိုအခါကစ၍ သက္ကရာဇ်တစ်ခုကို အသုံးပြုရန် ပြဋ္ဌာန်းခဲ့သည်။) ထိုသက္ကရာဇ်ကို မဟာသက္ကရာဇ်ဟူ၍ နောက်အခါ၌ ခေါ်ဝေါ်ကြ၏။

ဤသို့ သက္ကရာဇ်ဖြိုခြင်း အကြွင်းတစ်ခုကိုထားခြင်း အကြောင်းတို့ကို ပြဆိုချက်တို့မှာ ရာဇဝင်တို့၌ ပြဆိုသော လောကသင်္ကေတစကားတို့သာ ဖြစ်ကုန်၏။ စင်စစ်ကား သက္ကရာဇ်ဖြိုသော အကြောင်းအရာနှင့် ရောက်လာသောနှစ်ကို မှတ်သားချက် သက္ကရာဇ်ဟူသော အခေါ်အဝေါ် ဝေါဟာရ ကောဇာ+ဂေါဇာ ဟူသော အသုံးအနှုန်းတို့သည် သင်္ဂါယနာတင်ကျမ်းဂန်တို့၌ မပါရှိခဲ့ကုန်ချေ။ လောကအကြောင်းဆိုင်ရာ ဗေဒင်ကျမ်း၊ ရာဇဝင်ကျမ်းတို့၏အဆိုအလိုအားဖြင့်သာ ရှိခဲ့ကုန်၏။ အကျဉ်းချုပ်အားဖြင့်ဆိုရသော် ဘိုးတော်အဉ္ဇနမင်းမှလာ သက္ကရာဇ်(၁၄၈)အရောက်တွင် ဘုရားပရိနိဗ္ဗာန် စံတော်မူ၏။

ဘုရားဘက်လိုက်လျှင် သာသနာသက္ကရာဇ်(၁) ဖြစ်မည်။

ဘိုးတော်ဘက်လိုက်လျှင် သက္ကရာဇ်(၁၄၈) ဖြစ်နေရာ သာသနာနှစ် လောကီနှစ်တွေ ပြောမရအောင် (၁၄၈)ကို ဖြိုချသည်။

ထို့နောက် (၆၂၂)သို့ ရောက်သောအခါ သမုန္ဒြီမင်းက ဖြိုပြန်သည်။

ဆက်လက်၍ နှစ်များတိုးလာရာ (၅၆၀)နှစ်အရောက်တွင် ပုပ္ပါးစောရဟန်းမင်းက ဖြိုလေသည်။

ထို့နောက် ဆက်လက်မှတ်သားလာရာ ယခု (၁၃၇၇)ခုနှစ်သို့ သက္ကရာဇ်ရောက်လာသည်။ ထိုလောကအသုံးအဆောင် ဗေဒင်၊ ရာဇဝင်ကျမ်းဂန်တို့၌ ရှိကြသော နည်းနာအသုံးအနှုန်းတို့ကိုပင် နှစ်ပရိစ္ဆေဒ အချိန်ကာလတို့ကို မှတ်သားလွယ်ကူရန်အကျိုးငှာ မြန်မာပြည် ပုဂံခေတ်၊ ပင်းယခေတ် စသောကာလ ကျမ်းပြုဆရာ ပညာရှိအဆက်ဆက်တို့ ယူငင်သုံးစွဲ ရေးမှတ်ခေါ်ဝေါ်ခြင်းအမှု ပြုခဲ့ကုန်သည်။

**သက္ကရာဇ်+ သကရာဇ်၊ ကောဇာ+ ဂေါဇာ ရေးထုံးများအကြောင်း**

ဤသက္ကရာဇ်+သကရာဇ်၊ ကောဇာ+ဂေါဇာ ရေးထုံးများအကြောင်း သမန္တစက္ခုဒီပနီကျမ်း ဒုတိယတွဲ၌ မုံရွေးဇေတဝန်ဆရာတော်ဘုရား အကျယ်ဖြေဆိုရေးသားပြီး ရှိလေပြီ။ ထိုဝိနိစ္ဆယအဆုံး၌ ဆရာတော်ကြီး၏ နှလုံးသွင်းယူဆချက်ကို-

ဤသို့စသည်ဖြင့် နည်းနာနယများစွာပင် တွေ့မြင်ကြားသိရဖူး၏။ ကာလဒေသအလျောက် သင်္ကေတပညတ် မှတ်သားရေးသားရရုံမျှသာ အကျိုးရှိသည်။ ထိုအရေးအသား အမှတ်အက္ခရာ တိမ်းယိမ်းသည်ဟူ၍ သံသရာရေး လျော့ပါးနွမ်းနယ်ကောင်းသောအရာ မဟုတ်ဖြစ်၍တစ်ကြောင်း၊ ဤသို့သောအရေးကို အတပ်မှန် သိရသဖြင့် ဝဋ်တရားမှထွက်မြောက်နိုင်အောင် အကျိုးဆောင်သော ပညာသမ္မာဒိဋ္ဌိဉာဏ်၏ အာရုံမဟုတ်သည်လည်း တစ်ကြောင်းဖြစ်၍ ငါတို့အလိုကား လျော်ရာလျော်ရာ တော်သင့်ကြလေသည်ချည်းပင် ဖြစ်တော့သည်ဟူ၍ နှလုံးသွင်းသင့်မည်ထင်ပေသည်-ဟူ၍ ရေးသားတော်မူချက်ကား အလွန်နှစ်သက်ဖွယ်ကောင်းလှပေ၏။

အချုပ်အားဖြင့် လူများကို ထိန်းစောင့်ခြင်းငှာ စွမ်းနိုင်သောမင်းတို့ စီမံပြဋ္ဌာန်းသော နှစ်အပိုင်းအခြားအမှတ်အသားဖြစ်၍ သက္ကရာဇ်ဟူ၍လည်းကောင်း၊ သကမည်သောမင်း စီမံပြဋ္ဌာန်းသော နှစ်အပိုင်းအခြားအမှတ်အသားဖြစ်၍ သကရာဇ်ဟူ၍လည်းကောင်း၊ နေလတို့၏ အသွားအလာ အချိန်အပိုင်းအခြားကို ကောဇာဟူ၍လည်းကောင်း ခေါ်ဝေါ်ပညတ် သမုတ်အပ်လေသည်။ ။

**"ကလိယုဂ်သက္ကရာဇ်နှစ်ပေါင်း ဤရွေ့ဤမျှ" ဟူ၍ ရေးသားသုံးစွဲကြရာ၌ "ကလိယုဂ်ခေတ်တွင် သက္ကရာဇ်နှစ်ပေါင်း ဤရွေ့ဤမျှ" ဟု ဆိုလိုရင်းဖြစ်သည်ကို သတိပြုရာ၏။ ကလိယုဂ်မှာ ဆိုခဲ့ပြီးသည့်အတိုင်း နှစ်ပေါင်း လေးသိန်းသုံးသောင်းနှစ်ထောင်ရှိ၏။ သက္ကရာဇ်မှာ မင်းတို့ပြဋ္ဌာန်း ဆုံးဖြတ်သည့်အတိုင်း လိုက်နာမှတ်သားရသောနှစ် အရေအတွက်ဖြစ် . . . .**

(သက္ကရာဇပုဒ်မှ သက္ကရာဇ်ဟူသော ဝေါဟာရဖြစ်ပေါ်လာသည်။ သက္က= လူများကို ထိန်းစောင့်ခြင်းငှာ စွမ်းနိုင်သော+ ရာဇ= မင်း၊ သက္ကရာဇ=လူများကို ထိန်းစောင့်ခြင်းငှာ စွမ်းနိုင်သော မင်းတို့ စီမံပြဋ္ဌာန်းသတ်မှတ်အပ်သော နှစ်အပိုင်းအခြား သက္ကရာဇ်ဟု ဆိုလိုသည်။ သက္ကရာဇပုဒ်မှ သကရာဇ်ဟူသော ဝေါဟာရဖြစ်ပေါ်လာသည်။ သက=သကမည်သော+ရာဇ= မင်း၊ သကရာဇ= သကမည်သောမင်း စီမံပြဋ္ဌာန်းသတ်မှတ်အပ်သည့် နှစ်အပိုင်းအခြား သကရာဇ်ဟု ဆိုလိုသည်။ ကောဇာ+ဂေါဇာဟူသည်၌ ကောသဒ္ဒါနေဟော၊ ဂေါသဒ္ဒါ နေလနှစ်ပါးဟောဖြစ်သည်။ ဇာသဒ္ဒါ လှည့်လည်သွားလာခြင်း ဟောဖြစ်၍ နေလတို့၏ အသွားအလာ တစ်ဆယ့်နှစ်ရာသီခွင်တွင် တပါဒ်တပါဒ် ပြည့်သော အချိန်အပိုင်းအခြားကို ကောဇာနှစ် ဂေါဇာနှစ် တစ်နှစ် တစ်နှစ်ဟူ၍ ခေါ်ဆိုလေသည်။ ဂေါစာရ်နှစ်ဟူ၍လည်း ရေးစမှတ်ပြုကြပေ၏။)

**ကလိယုဂ်နှစ် သက္ကရာဇ်အသုံး**

သက္ကရာဇ်ဟူသောစကား၏ ရှေ့မှ ကလိယုဂ်ဟူသော ဝိသေသနပုဒ်ထည့်၍ "ကလိယုဂ်သက္ကရာဇ်နှစ်ပေါင်း ဤမျှ" ဟူ၍ သုံးနှုန်းရာ၌ ကလိယုဂ်ဟူသည်နှင့် သက္ကရာဇ်ဟူသည် အနက်တူ မဟုတ်ပေ။

ကလိယုဂ်ဆန်းသောခေတ်တွင် သက္ကရာဇ်နှစ်ပေါင်း ဤမျှဟူ၍ ဆိုလိုရင်းဖြစ်သည်။ အနည်းငယ်ထင်ရှား စေဦးအံ့. . . ။

အန္တရကပ်ခေါ်သော တက်ကပ်၊ ဆုတ်ကပ် တစ်စုံတစ်ရာအနက် တက်ကပ်၌ ကတစ်ယုဂ်၊ တြေတာယုဂ်၊ ဒွါပရယုဂ်၊ ကလိယုဂ်ဟူ၍ ယုဂ်လေးပါး(နှစ်ပရိစ္ဆေဒ)တို့ အလှည့်အလည် ဆန်းတုံ ကွယ်တုံရှိခဲ့ရာ ထိုယုဂ်လေးပါး ဆန်းကြကွယ်ကြသည့် အကြိမ်ပေါင်း ခြောက်ဆယ်ပြည့်မှ တက်ကပ်တစ်ကပ်ဆုံး၏။ ဆုတ်ကပ်၌လည်း ထိုနည်းအတူပင်တည်းဟူ၍ လောကီကျမ်းတို့၌ အဆိုရှိသည်။ ထိုယုဂ်လေးပါးတို့တွင် ရှေးဦးစွာ ကတစ်ယုဂ်သည် နှစ်ပေါင်း (၁၇၂၈၀၀၀)တစ်သန်း ခုနစ်သိန်းနှစ်သောင်းရှစ်ထောင် အရေအတွက်ရှိ၏။ ထို့နောင် တြေတာယုဂ်ဆန်း၏။ ထိုတြေတာယုဂ်သည် နှစ်ပေါင်း (၁၂၉၆၀၀၀) တစ်သန်းနှစ်သိန်းကိုးသောင်းခြောက်သောင်းလေးထောင် အရေအတွက်ရှိ၏။ ထို့နောင် ဒွါပရယုဂ်ဆန်း၏။ ထိုဒွါပရယုဂ်သည် နှစ်ပေါင်း (၈၆၄၀၀၀)ရှစ်သိန်းခြောက်သောင်းလေးထောင် အရေအတွက်ရှိ၏။ ထို့နောင် ကလိယုဂ်ဆန်း၏။ ထိုကလိယုဂ်သည် နှစ်ပေါင်း (၄၃၂၀၀၀) လေးသိန်းသုံးသောင်းနှစ်ထောင် အရေအတွက်ရှိ၏။ (ကလိယုဂ်နှစ်တွင် တစ်ဆတိုးလျှင် ဒွါပရယုဂ်၊ နှစ်ဆတိုးလျှင် တြေတာယုဂ်သက်၊ သုံးဆတိုးလျှင် ကတယုဂ်သက်ဖြစ်သည်ကို သတိပြုရာ၏။) ယုဂ်လေးပါးအပေါင်း နှစ်ပရိစ္ဆေဒသော်ကား (၄၃၂၀၀၀၀) လေးသန်းသုံးသိန်းနှစ်သောင်း အရေအတွက်ရှိ၏။

ကတယုဂ်နှစ်ပိုင်းတွင် သတ္တဝါတို့ ခြေလေးချောင်းထောက်၍နေသကဲ့သို့ သတ္တဝါတို့ကို လေးပုံပုံလျှင် လေးပုံလုံးတရားစောင့်ကြ၏။ တြေတာယုဂ်တွင် ခြေသုံးချောင်းထောက်၍ နေသကဲ့သို့ လေးပုံသုံးပုံသာလျှင် တရားစောင့်၍ ကျန်တစ်ပုံကား တရားမစောင့်ရှိ၏။ ဒွါပရယုဂ် နှစ်ပိုင်းတွင် လေးပုံနှစ်ပုံ (တစ်ဝက်သာ)တရားစောင့်၍ ကျန်နှစ်ပုံ(တစ်ဝက်)ကား တရားမစောင့်ရှိ၏။ ကလိယုဂ်နှစ်ပိုင်းတွင် လေးပုံတစ်ပုံသာ တရားစောင့်၍ ကျန်သုံးပုံကား တရားမစောင့်ရှိ၏။

အကျွန်ုပ်တို့၏ဆရာ ဂေါတမနွယ်ဖွား မြတ်စွာဘုရားသည် ကလိယုဂ် နှစ်ပေါင်း (၂၅၇၀)နှစ်ထောင့်ငါးရာခုနစ်ဆယ်မြောက်တွင် ပွင့်ထွန်းတော်မူကြောင်းကို ဂေါတမပုရာဏ်ကျမ်း ပဥ္စမကဏ္ဍ၌-

**ကလေရာရမ္ဘတော သုည-သတ္တပဉ္စဒုကေ ဂတေ။**
**သံဝစ္ဆရ ဗဘုဝ ဝေ၊ ဓမ္မဝိဒေါ ဂေါတမဘိဓော။**

ကလိယုဂ်နှစ်ဆန်းသည်မှ နှစ်ပေါင်း (၂၅၇၀) နှစ်ထောင်ငါးရာခုနစ်ဆယ်သို့ ရောက်သောနှစ်၌ တရားကိုသိမြင်သော ဂေါတမမြတ်စွာဘုရားပွင့်တော်မူပြီဟူ၍ ရေးသားချက်ရှိလေသည်။

ယခုရောက်ဆဲ သာသနာနှစ်နှင့် ယခုရောက်ဆဲ ကလိယုဂ်နှစ်မျိုးတို့ကို သိလိုသော် "သက္ကရာဇ်ဒီယ တည်ပြီးမှလျှင်၊ ဒွေးအဠနှင့်၊ ဧကကော၊ နှောတို့ပါက၊ သာသနာနှစ်၊ အတိတ်ဖြစ်၏" ဟူသော ရှေးအလင်္ကာအတိုင်း ရောက်ဆဲသက္ကရာဇ်နှစ်ကိုတည် ၁၁၈၂ ကိုရောလျှင် အတိတ်သာသနာနှစ်ဖြစ်၏။ (ဥပမာ) ယခုရောက်ဆဲ ၁၃၇၇ ခုနှစ်တွင် အတိတ်သာသနာ နှစ်ပေါင်းမည်မျှရှိပြီဟု သိလိုလျှင် ရောက်ဆဲ သက္ကရာဇ် ၁၃၇၇ ခုနှစ်နှင့် ၁၁၈၂ ခုနှစ်ကို ပေါင်း၍ နှော၍ရသောနှစ်ပေါင်း ၂၅၅၉ သည် အတိတ်သာသနာနှစ်ဖြစ်၏။

သာသနာနှစ်ကို သိလိုလျှင် "သုညသတ္တ၊ ပဉ္စဒွယ၊ နှောထ ကလိယုဂ်" ဟူသောအတိုင်း ယခုရောက်ဆဲ သာသနာနှစ် ၂၅၅၉ တွင် ၂၅၇၀ ကို ရော၍ နှော၍ ရသောနှစ်ပေါင်း (၅၁၂၉)ငါးထောင်တစ်ရာနှစ်ဆယ့်ကိုးသည် ယခုရောက်ဆဲ ကလိယုဂ်နှစ်မည်၏။

အချုပ်အားဖြင့် "ကလိယုဂ်သက္ကရာဇ်နှစ်ပေါင်း ဤရွေ့ဤမျှ" ဟူ၍ ရေးသားသုံးစွဲကြရာ၌ "ကလိယုဂ်ခေတ်တွင် သက္ကရာဇ်နှစ်ပေါင်း ဤရွေ့ဤမျှ"ဟု ဆိုလိုရင်းဖြစ်သည်ကို သတိပြုရာ၏။ ကလိယုဂ်မှာ ဆိုခဲ့ပြီးသည့်အတိုင်း နှစ်ပေါင်း လေးသိန်းသုံးသောင်းနှစ်ထောင်ရှိ၏။ သက္ကရာဇ်မှာ မင်းတို့ပြဋ္ဌာန်း ဆုံးဖြတ်သည့်အတိုင်း လိုက်နာမှတ်သားရသော နှစ်အရေအတွက်ဖြစ်သည်။

ယုဂ်လေးပါးအကြောင်းနှင့် ကလိယုဂ်နှစ် ၂၅၇၀ ၌ မြတ်စွာဘုရားပွင့်တော်မူကြောင်းကို မဟာသုတကာရီ မဃဒေဝလင်္ကာကျမ်း ဓမ္မစရိယနိသံ သခင်္ဂါးပိုဒ်ရေ (၅၅၃)၌-

လေးတန်ယုဂ၊ ထိုလောက်မျှတွင်၊ ကတနှစ်တွင်း၊ လူခပင်းတိုး၊ မကြွင်းဥဿုံ၊ လုံးစုံသမ္မာ၊ မှန်သစ္စာ၏။ တြေတာတုံ၊ လေးပုံပုံငြား၊ သုံးပုံအားဖြင့်၊ တရားတည်ကြ၊ တပုံပ၏။ ဒွါပရစက်၊ ထိုယုဂ်သက်၌ ထက်ဝက်ကောင်းဆိုး၊ နှစ်မျိုးညီဘိ။ ယုဂ်ကလိကား၊ အသိအယူ၊ အမူကောင်းစွာ၊ သတ္တဝါနည်းလှတဘို့မျှဖြင့်၊ သုံးဆချွတ်ယွင်း၊ တရားကင်း၏။ ယင်းကလိယုဂ်၊ သမုတ်လူ့ဘောင်၊ နှစ်ယခေါင်တွင်နှစ်ထောင်ကျော်ထ၊ ငါးရာ့ခုနစ်ဆယ်၊ ပြည့်ကယ်တုံလျက်၊ ဆန်းလွန်တက်မှ၊ ရာသက်ကာလ၊ ဟာယန၌၊ သကျသီဟ၊ ဂေါတမဟု၊ လောကထွက်ထား၊ မြတ်ဘုရားလျှင်၊ ထင်ရှားလူ့ရွာ၊ ဖြစ်ပွင့်လာ၍ . . .။ စသည်ဖြင့် စပ်ဆိုလေသည်။

**ကျမ်းကိုး**
**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု**
**မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ ရေးသားသော မဟာဗုဒ္ဓဝင်ကျမ်းကြီး**

---

# ကျေးရွာများတွင် မိုးစပါးများရိတ်သိမ်းခြွေလှေ့ရာ၌ ကျွဲ၊ နွားအသုံးပြုမှုနည်းလာပြီး စက်အားကို အသုံးများလာ



**ဖြူး ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း ၂၀၁၅ ခုနှစ် မိုးရာသီစပါးများကို စိုက်ဧက တစ်သိန်းခွဲကျော်အထိ စိုက်ပျိုးခဲ့ကြရာ နိုဝင်ဘာလအတွင်း မိုးစပါးများမှာ ရင့်မှည့်ကြသဖြင့် ကျွဲ၊ နွား မလုံလောက်မှုနှင့် လယ်ယာလုပ်သားရှားပါးမှုတို့ကြောင့် ယခုနှစ်တွင် မိုးစပါးများရိတ်သိမ်းခြွေလှေ့ချိန်တွင် စက်များကို အသုံးပြုမှုများလာသည်ကို တွေ့ရှိရပြီး လုပ်ငန်းများမှာလည်း ပိုမိုမြန်ဆန်စွာ ထိရောက်ကြသည်ဟု သိရသည်။

အထူးသဖြင့် စပါးများ ရိတ်သိမ်းပြီးလျှင်ပြီးချင်း ကောက်လှိုင်းများကိုကောက်ဆိုင်ပုံများ ပုံထားကြပြီး မတ်ပဲရာသီအမီ မြေအစိုဓာတ်မဆုတ်ခင် ထွန်စက်များဖြင့် မြန်ဆန်ထွန်ယက်စိုက်ပျိုးခဲ့ကြရာ ဖြူးမြို့နယ်တွင် မတ်ပဲစိုက်ဧက တစ်သိန်းကျော်စိုက်ပျိုးနိုင်ခဲ့ကြသည်။

ယခုအချိန်တွင် မတ်ပဲများ စိုက်ပျိုးပြီးစီးကြပြီဖြစ်၍ ကောက်ဆိုင်ပုံထားသော ရိတ်သိမ်းပြီးစပါးများကို စက်များဖြင့် စပါးနယ်ကြပြီး နယ်ပြီးစပါးများကို ခြွေလှေ့ရာတွင် ယခင်က သဘာဝလေကို စောင့်မျှော်၍ စပါးလှေ့ခဲ့ကြသော်လည်း ယခုအခါ သဘာဝလေကို စောင့်စရာမလိုတော့ဘဲ စက်တွင် ပန်ကာတပ်၍ စပါးများလှေ့ကြသဖြင့် အချိန်တိုအတွင်း စပါးများ သန့်စင်စွာ လှေ့ယူနိုင်ခဲ့ကြသဖြင့် လယ်သမားကြီးများ လယ်ယာလုပ်ငန်းခွင်တွင် စက်များကိုသာ အားထား အသုံးပြုမှုများလာကြသည်ကို တွေ့ရသည်။

**(ဖြူးမြင့်ဦး)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၁**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ**(ယာပုံ)** နိုင်ငံတော်သမ္မတ၏ ပြည်ပခရီးစဉ်ကို မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းနှစ်ခု မှတ်တမ်းတင်ခြင်း၊ ကျေးရွာများ တိုးတက်ပြင်ဆင်ခြင်းကို မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းသုံးခု လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းခြင်းနှင့် အစီရင်ခံစာတစ်ခု အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပပြုလုပ်သည့်(၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းသဝဏ်လွှာ၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူသည့် ပိုးသတ်ဆေးဥပဒေကြမ်း၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်း၊ ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာ(၃၃)ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ(၂၇)ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။



ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းတို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ဝန်ကြီးဌာနများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ်အတွင်း အမျိုးသားစီမံကိန်းဆောင်ရွက်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်မှုများအပေါ် အသေးစိတ်ရှင်းလင်းပြောကြားပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ်နှင့် ဘဏ္ဍာနှစ်တစ်နှစ်လုံး၏ အကောင်အထည်ဖော်မှုကို ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီက အစီရင်ခံစာကို သဘောတူလက်ခံရန်အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။ **(သတင်းစဉ်)**

# HAPPY ZONE ကစားကွင်းအတွင်း မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် မလျော်ဆန့်ကျင်သည့် လက်ဆောင်ပစ္စည်း ပေးအပ်မှုဂယက်

**‘လူငယ်တွေဆိုတာက အတုမြင်အတတ်သင် စိတ်ဓာတ်မျိုးရှိတဲ့အတွက် ဒီလိုကိစ္စတွေနဲ့ ပတ်သက်ပြီး လမ်းမှားရောက်သွားနိုင်တယ်။ ယဉ်ကျေးမှုအနေနဲ့ ကြည့်ရင်လည်း လက်ခံနိုင်စရာအကြောင်းမရှိပါဘူး’**

သတင်းဆောင်းပါး- ခင်မောင်ထွေး၊ ဇော်ကြီး

ယခုရက်ပိုင်းအတွင်းက လူမှုကွန်ရက်စာမျက်နှာထက်တွင် ရန်ကုန်မြို့ ဦးဥတ္တမပန်းခြံရှိ HAPPY WORLD ကစားကွင်း၌ အမျိုးသားတန်ဆာပုံသဏ္ဌာန်ပစ္စည်းများကို လက်ဆောင်အဖြစ်ပေးနေကြောင်း၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ၊ ကျောင်းသား ကျောင်းသူများ ရှေ့ရေးကိုတွေး၍ သက်ဆိုင်ရာမှ ထိထိရောက်ရောက် စုံစမ်းအရေးယူပေးစေလိုကြောင်း ဓာတ်ပုံနှင့်တကွတင်ပြခဲ့ကြရာ အဆိုပါဖြစ်စဉ်အပေါ် အများပြည်သူများက အထူးစိတ်ဝင်စားခဲ့ကြပြီး ကန့်ကွက်မှုများလည်းရှိခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦး၏ ညွှန်ကြားမှုဖြင့် ဒဂုံမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၉ ရက်က ဦးဥတ္တမ ပန်းခြံရှိ HAPPY WORLD ကစားကွင်းသို့ သွားရောက်စစ်ဆေးရာ ရောင်းချမှုမတွေ့ရကြောင်း၊ သို့ဖြင့် ဒဂုံမြို့နယ် ဓမ္မစေတီလမ်း ပြည်သူ့ဥယျာဉ်အတွင်းရှိ HAPPY ZONE သို့ ဆက်လက်သွားရောက်စစ်ဆေးရာ မန်နေဂျာ ဦးမြတ်ထွန်းဇံက အဆိုပါပစ္စည်းများ ဂိမ်းကစားသူများ အောင်မြင်ပါက လက်ဆောင်ပေးခြင်းဖြစ်ကြောင်း ဝန်ခံ၍ အဆိုပါ ပစ္စည်းများကို သိမ်းဆည်းကာ ဆက်လက်မရောင်းရန် အသိပေးပြီးဖြစ်ကြောင်း သက်ဆိုင်ရာမှသိရသည်။

“လူမှုကွန်ရက်ပေါ်ကိုတင်ထားတာ တစ်ပတ်လောက်ရှိပြီ။ ဒီသတင်းကိုတွေ့တာနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးကို ချက်ချင်း သွားရောက်စစ်ဆေးခိုင်းခဲ့တယ်။ သွားစစ်ဆေးတဲ့ အချိန်မှာတော့ အဲဒီပစ္စည်းတွေ မရှိတော့ပါဘူး။ လွန်ခဲ့တဲ့ ငါးရက်လောက်က ပြန်သိမ်းထားလိုက်ပြီလို့ပြောတယ်။ ဆပ်ပြာနဲ့လုပ်ထားတဲ့ ပစ္စည်းတွေပါ။ လာရောက်ကစားတဲ့သူတွေကို ပျော်ရွှင်မှုဖြစ်အောင် အနိုင်ရရှိတဲ့ တိုကင်နဲ့လဲပေးဖို့ စီစဉ်ပေးထားတာလို့သိရတယ်။ မြန်မာ့ယဉ်ကျေးမှုနဲ့ မညီညွတ်တဲ့အတွက် ဆိုင်မန်နေဂျာကို ခံဝန်ကတိထိုးခိုင်းခဲ့တယ်။ ပစ္စည်း နမူနာကိုယူပြီး သက်ဆိုင်ရာကိုတင်ပြနိုင်ဖို့အတွက် စီစဉ်နေပါတယ်။ ဒီလို ဖြစ်စဉ်မျိုးကို အရေးယူဖို့ဆိုတာကတော့ ဒေသန္တရ အမိန့်ထုတ်ပြန်ထားခြင်းမရှိတော့ အခက်အခဲရှိပါတယ်။ လက်ရှိ အခြေအနေအရ ခံဝန်ကတိထိုးထားတယ်ဆိုပေမယ့် တားမြစ်ထားတဲ့ကြားက နောက်ထပ်ကျူးလွန်ရင် ဥပဒေအရ အရေးယူဆောင်ရွက်သွားမှာပါ”ဟု ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦးက ပြောသည်။

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် တတိယနှစ်ကျောင်းသူတစ်ဦး၏ မိခင် ဒေါ်မေသန်းဦးက “ကလေးတွေ အများဆုံးသွားရောက်ကစားတဲ့ ကစားကွင်းလိုနေရာမှာ ဒီလိုပစ္စည်းတွေကို အမှတ်တရလက်ဆောင်အဖြစ်နဲ့ လဲလှယ်ပေးတာမျိုးက မဖြစ်သင့်ပါဘူး။ လူငယ်တွေဆိုတာက အတုမြင်အတတ်သင် စိတ်ဓာတ်မျိုးရှိတဲ့အတွက် ဒီလိုကိစ္စတွေနဲ့ပတ်သက်ပြီး လမ်းမှားရောက်သွားနိုင်တယ်။ ယဉ်ကျေးမှုအနေနဲ့ကြည့်ရင်လည်း လက်ခံနိုင်စရာအကြောင်းမရှိပါဘူး။ အနာဂတ်လူငယ်တွေကောင်းဖို့ဆိုတာ မိဘ၊ ဆရာသမားတွေရဲ့ သွန်သင်ဆုံးမမှုတွေအပြင် သူတို့ရဲ့ ပတ်ဝန်းကျင်နဲ့လည်းဆိုင်ပါတယ်။ မိမိအကျိုးစီးပွားတိုးတက်ဖို့အတွက် ဒီလိုကိစ္စမျိုးလုပ်ပြီးဆွဲဆောင်တာမျိုးကိုတော့ သက်ဆိုင်ရာက ထိန်းသိမ်းသင့်ပါတယ်”ဟု ပြောသည်။

ပစ္စုပ္ပန်တွင် မြန်မာနိုင်ငံသည် ပြတင်းတံခါးများ ပို၍ပို၍ ဖွင့်လှစ်လာမှုနှင့်အတူ နယ်ပယ်အသီးသီးတွင်လည်း စိန်ခေါ်မှုများနှင့် ပို၍ပို၍ ရင်ဆိုင်ကြုံတွေ့လာရသည်။

“အွန်လိုင်းမှာတော့ ဒီလိုပစ္စည်းတွေကို ပုံနဲ့ ဈေးနှုန်းတွေပါဖော်ပြပြီး ရောင်းချနေတာကြာပါပြီ။ ဒီလိုပစ္စည်းတွေ၊ ဆေးဝါးတွေဆိုတာလည်း အနောက်နိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတချို့မှာ တော်တော်ယဉ်ပါးနေပါပြီ။ ဒီနိုင်ငံမှာတော့ ယဉ်ကျေးမှုနဲ့ မကိုက်ညီတဲ့အတွက် လက်ခံလို့မဖြစ်ပါဘူး။ ဒီလို တရားမဝင်ဝင်ရောက်လာတဲ့ ပစ္စည်းတွေကြောင့် လူငယ်တွေလမ်းမှားရောက်မသွားအောင် လူမှုကွန်ရက်စာမျက်နှာတွေမှာလည်း ပညာပေးပို့စ်တွေကို တွေ့ရပါတယ်။

“လူငယ်တွေလမ်းမှား ရောက်မသွားအောင် အွန်လိုင်းကနေ ဒီလိုပစ္စည်းတွေကို ပုံနဲ့တကွဆက်သွယ်ရောင်းချနေတဲ့ ပို့စ်တွေကိုလည်း ထိန်းချုပ်သင့်တယ်။ နိုင်ငံအနေနဲ့ ခေတ်မီတိုးတက်တာကောင်းတယ်ဆိုပေမယ့် တချို့အရာတွေကတော့ ခေတ်မီတိုင်းမကောင်းပါဘူး။ အရွယ်မတိုင်မီ လူငယ်တွေ ခေတ်မီတာလွန်ပြီး ကောသလမင်းအိပ်မက် (၁၆)ချက်ထဲကလို ဒန့်ကျွဲပင်ပုခက်လွှဲခေတ်ကို အမြန်ဆုံးရောက်သွားလိမ့်မယ်”လို့ မရမ်းကုန်းမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်းဆရာတစ်ဦးက ဆိုသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဒဂုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေက “ပြည်သူ့ဥယျာဉ်ထဲက HAPPY ZONE ထဲကို ကျွန်တော်တို့ရောက်တော့ လူမှုကွန်ရက်မှာတက်နေတဲ့ ဓာတ်ပုံထဲကနေရာကိုတွေ့တယ်။ ပုံထဲမှာဖော်ပြထားတဲ့ ပစ္စည်းတွေကိုတော့ မတွေ့တော့ပါဘူး။ ဒီပစ္စည်းတွေ သူတို့ပိုင်ရှင်က ပြည်ပနိုင်ငံကနေ တွေ့လို့ဝယ်လာတာ။ လာရောက်လည်ပတ်ကစားတဲ့သူတွေကို ပျော်ရွှင်အောင်ဆိုပြီးစီစဉ်ခဲ့တာလို့သိရတယ်။ အပျော်သဘောဆိုပြီးစာရေးပြီး ကပ်ထားပါတယ်။ ကလေးတွေ ပျက်စီးအောင်လုပ်တဲ့ ရည်ရွယ်ချက်မရှိဘူး။ သဘောရိုးနဲ့ထားပေးထားတာလို့ မန်နေဂျာက ပြောတယ်။ လူမှုရေးအရ စိုးရိမ်လို့ လူမှုကွန်ရက်ပေါ်တင်လိုက်တဲ့ သဘောရှိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ပြည်သူတွေမကြိုက်နှစ်သက်တဲ့ ဒီလိုကိစ္စတွေကို ပညာပေးဆွေးနွေးပွဲတွေလုပ်တဲ့အခါမှာ ထည့်ပြောဖို့ စီစဉ်ထားပါတယ်”ဟု ပြောသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအပေါ် ပွတ်တိုက်မှုများကား ယခုနှစ်ပိုင်းများအတွင်း ပို၍ကြုံတွေ့လာရသည်။ ၂၀၁၆ ခုနှစ် စီးပွားရေးလုပ်ငန်းကြီးများမှ ထုတ်ဝေသည့် နှစ်သစ်ပြက္ခဒိန် အချို့မှာပင် မြန်မာ့မျက်စိနှင့်မလျော် ဆန့်ကျင်မှုများကို ပို၍တွေ့မြင်လာရပြန်သည်။

သို့တစေ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကား မြတ်စွာဘုရားရှင်သည် သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်များနှင့် ရာဇဂြိုဟ်မြို့သား သိင်္ဂါလသတို့သားအား ဟောကြားခဲ့သည့် လူမှုရေးတရားတော်များဖြစ်သော မိဘနှင့်သားသမီး ဝတ္တရားငါးပါး၊ ဆရာနှင့်တပည့် ဝတ္တရားငါးပါး၊ အလုပ်ရှင်နှင့် အလုပ်သမားဝတ္တရားငါးပါး၊ မိတ်ဆွေအချင်းချင်း ဆောင်ရွက်ရမည့် ဝတ္တရားငါးပါး၊ ဥစ္စာပျက်စီးကြောင်း တရားများအပါအဝင် ထေရဝါဒဗုဒ္ဓသာသနာအပေါ် သက်ဝင်ယုံကြည်မှုများမှတစ်ဆင့် မြစ်ဖျားခံစီးဆင်းလာခြင်းသာဖြစ်၍မြန်မာ့လူ့ဘောင်အတွင်း မကောင်းမှုကို ရှက်ခြင်း၊ ကြောက်ခြင်းတည်းဟူသော ဟီရိဩတ္တပ္ပတရားများကို မြန်မာတိုင်း လိုက်နာစောင့်ရှောက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ထား

**နေပြည်တော် ဇန်နဝါရီ ၁**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E&P Pte., Ltd. သည် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် A-6 တွင် ရွှေရည်ထွန်း(၁)ရေနံအစမ်းတွင်းကို ရေနံတွင်းတူးစက် Drillship DEEP WATER MILLENNIUM ဖြင့် တွင်းတူးဖော်ခြင်းလုပ်ငန်းများ ပြီးဆုံးသော်လည်း တွင်း၏ Well-head အားပြန်လည်ဖြုတ်ယူခြင်းမပြုဘဲထားရှိခဲ့မည်ဖြစ်ရာ Well-head ၏ တည်နေရာမှာ Point SYH-1 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၅မိနစ် ၁၉. ၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၁ မိနစ် ၃၇. ၃၄ စက္ကန့် အနက်မှာ ၂၀၃၃ မီတာရှိသည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 ရှိ ရွှေရည်ထွန်း(၁) ရေနံအစမ်းတွင်း၏ Well-head ထားရှိသည့်နေရာအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များကျောက်ချရပ်နားခြင်း၊ ငါးဖမ်းဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်ပါက ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက်နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားသည်။ **(ကြေးမုံ)**

# နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

**နေပြည်တော် ဇန်နဝါရီ ၁**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန်ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှု အစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးတို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကိုစိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာလအတွင်း ပါရဂူဘွဲ့သင်တန်းသို့ ပညာသင် နှစ်ဦးနှင့် ဘွဲ့မယူသော သင်တန်း(Training)သို့ ပညာသင် ၁၄၉ ဦး စုစုပေါင်း ပညာသင် ၁၅၁ ဦးကို ပြည်ပနိုင်ငံ ၁၂ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။ ဒီဇင်ဘာလအတွင်း နိုင်ငံ့ဝန်ထမ်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သို့ ပညာသင်အများဆုံးစေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်သည်။

**နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

## ပြည်တွင်းရေးရာ






နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်စဉ်။ (သတင်းစဉ်)

*** ရွှေဖုံးမှ**

မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းသည် မိမိတို့အစိုးရကာလအတွင်း (၁၀)ခုမြောက် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့် စီမံကိန်းဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ ဇော်ဂျီဆည်ရေသောက် ဧရိယာ ဧက ၈၂၀၀၀ အား စိုက်ပျိုးရေလုံလောက်စွာ ဖြည့်တင်းပေးဝေနိုင်မည်ဖြစ်ပြီး ပူပြင်းခြောက်သွေ့သည့် မိတ္ထီလာလွင်ပြင်ဒေသအတွင်းရှိ မြေဧရိယာ ဧက ၃၃၀၀၀ ကို စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် တပ်ဆင်အသုံးပြုမည့် ၁၅ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက်နှစ်လုံးမှ နေ့စဉ်ပို့လွှတ်မည့် လျှပ်စစ်ဓာတ်အားကို ရှမ်းပြည်နယ်နှင့် ဆက်စပ်ဒေသများအား မဟာဓာတ်အားလိုင်းမှတစ်ဆင့် ပို့လွှတ်ဖြန့်ဖြူး အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ထူထောင်လာနိုင်ကြမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို လျင်မြန်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

နောင်ဖြစ်ပေါ်လာမည့် အစိုးရသစ်ကာလတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ရေရှည်အမျိုးသားရေး အကျိုးစီးပွားကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ဖော်ဆောင်သွားနိုင်ရေးအတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်များအား လက်တွေ့ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်ဖြစ်ပါကြောင်း။

နိုင်ငံသားအားလုံး၏ ရေရှည်အမျိုးသား အကျိုးစီးပွားအတွက် ရင်းနှီးမြှုပ်နှံတည်ဆောက် အကောင်အထည်ဖော်ခဲ့သည့် ဤဘက်စုံစီမံကိန်းကြီးအား ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က မြို့ကြီးရေလှောင်တမံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က စီမံကိန်းတွင်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြို့ကြီးရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖြန်းပေးသည်။

ထို့နောက် မြို့ကြီးရေလှောင်တမံ မှခ်ဦးအား ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဦးစံအောင်မြတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ နိုင်ငံတော်သမ္မတနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တမံနှင့် ရေယူအဆောက်အအုံ (Power Intake Gate) အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ကျင်းပခဲ့သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေး အမှတ်(၁/၂၀၀၆)မှ အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံနှင့် တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံတို့မှ ထုတ်လွှတ်သည့်ရေများနှင့် ရေလှောင်တမံနှစ်ခုအကြား စီးဆင်းလာသည့် ရေများကို စုပေါင်းသိုလှောင်၍ ရေအားလျှပ်စစ် (၃၀)မဂ္ဂါဝပ် ထုတ်လွှတ်နိုင်မည်ဖြစ်သည့်အပြင် သိုလှောင်ပြီးရေများကို ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီဆည်ရေသောက်ဧရိယာဧက ၈၂၀၀၀ အား ရေပိုမိုပေးဝေနိုင်မည်ဖြစ်ပြီး ခြောက်သွေ့ဒေသဖြစ်သည့် မိတ္ထီလာလွင်ပြင်အတွင်းရှိ မြေဧရိယာ ဧက ၃၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

မြို့ကြီး ရေလှောင်တမံသည် အလျား ၂၄၆၁ ပေ၊ အမြင့် ၂၅၈ ပေရှိပြီး မြေသားတမံ(ဇုန်အမျိုးအစား) ဖြစ်သည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး အကျယ် ၂၉၅ ဒသမ ၃ ပေ ဖြစ်သည်။ တမံတွင် ရေလွှဲဥမင်နှင့် ရေအားလျှပ်စစ် ဥမင်တို့ပါဝင်ပြီး ရေအားလျှပ်စစ်ဥမင်မှာ အချင်းပေ ၂၀၊ အလျား ၁၆၄၄ ပေ ဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည် ပက်ဖြန်းပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေအားလျှပ်စစ်စက်ရုံ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တရုတ်နိုင်ငံ YMEC ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ကွမ်ယူကွန်းနှင့် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

အဆိုပါ ရေအားလျှပ်စစ်စက်ရုံသည်အလျား ၁၃၅ ပေ၊ အနံ ၈၄ ပေ၊ အမြင့် ၈ ပေရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ ရေအားလျှပ်စစ်တာဘိုင်မှာ ဖရန့်ဆစ်တာဘိုင်အမျိုးအစားဖြစ်ပြီး ရေအားလျှပ်စစ်တပ်ဆင်အား ၃၀မဂ္ဂါဝပ်၊ ၁၅ မဂ္ဂါဝပ်နှစ်လုံးဖြင့် တည်ဆောက်ထားသည်။ အဆိုပါ လျှပ်စစ်တာဘိုင်များမှ

**စာမျက်နှာ ၉ သို့**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

## ပြည်တွင်းရေးရာ

**❍ ကျောဖုံးမှ**

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်နိုင်ရန် ပြုလုပ်သည့်အစည်းအဝေးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့မှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးပြီး ဖြစ်ပါကြောင်း။

NCA ၏သဘောတူညီချက်များအတိုင်း အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး(JICM)ကို ယင်းနေ့၌ပင် နိုင်ငံတော်သမ္မတက ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ JICM အောက်တွင်ရှိသည့် ပူးတွဲကော်မတီတစ်ခုဖြစ်သော UPDJC ကို ဖွဲ့စည်းပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း) (The Framework for Political Dialogue)ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီနှင့် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့မှ ပူးပေါင်းရေးဆွဲခဲ့ကြပြီးဖြစ်ပါကြောင်း။

ယင်း Framework ကို NCA လက်မှတ်ရေးထိုးပြီး ရက်ပေါင်း(၆၀)အတွင်း ရေးဆွဲပြီးစီးပြီးဖြစ်ရမည်ဟု သတ်မှတ်ထားပါကြောင်း၊ ထို့ကြောင့် ရေးဆွဲပြီးသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် MICC-2 ၌ နိုင်ငံတော်သမ္မတထံသို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ NCA စာချုပ်အရ ယင်းမူဘောင်ကိုအခြေခံပြီး နိုင်ငံရေးဆွေးနွေးပွဲစတင်ရန် ရက်ပေါင်း ၉၀ အတွင်း ခေါ်ယူရမည်ဖြစ်သည့်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နိုင်ငံတော်သမ္မတက လာမည့်ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပမည်ဟု ကြေညာခဲ့ပါကြောင်း၊ ယင်းညီလာခံကို အစိုးရ၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီ၊ အခြားဖိတ်ကြားသင့်သည့် တိုင်းရင်းသားကိုယ်စားလှယ်၊ တတ်သိပညာရှင်အစုအဖွဲ့ (၅)ဖွဲ့၊ လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားအဖွဲ့ကိုယ်စားလှယ်၊ အကျိုးဆောင်များနှင့် လေ့လာသူများအပါအဝင် လူပုဂ္ဂိုလ် ၈၇၀ တက်ရောက်ကြမည်ဖြစ်ပြီး ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ၅ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း။

ဖွင့်ပွဲအခမ်းအနားကို MICC- 2 တွင် ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံတော်သမ္မတအပါအဝင် အထူးဖိတ်ကြားထားသူ ၂၆၆ ဦးခန့် တက်ရောက်ကြမည်ဖြစ်သည့်အတွက် စုစုပေါင်း လူဦးရေ ၁၁၀၀ ခန့်ရှိမည်ဟု သိရှိကြောင်း၊ ထို့ကြောင့် ညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျင်းပရေးဗဟိုကော်မတီဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ကျန်သည့် လုပ်ငန်းအဝဝကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများကိုလည်း ထပ်မံဖွဲ့စည်းထားပြီး ဗဟိုကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်းဆောင်ရွက်သွားမည့် အခြေအနေ၊ ညီလာခံကျင်းပမည့် နေရာသတ်မှတ်ထားမှု အခြေအနေ၊ ညီလာခံသို့တက်ရောက်မည့် တာဝန်ရှိသူများအား ဖိတ်ကြားသွားမည့်အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က လုံခြုံရေး၊ တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ ဖွင့်ပွဲနှင့် အစည်းအဝေးအခမ်းအနားကျင်းပရေး၊ ပြန်ကြားရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေး စသည့် ကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ပေါင်းစပ်ဆောင်ရွက်ရန်နှင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့်ကိစ္စဖြစ်သည့်အတွက် လိုအပ်ချက်မရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

**(သတင်းစဉ်)**



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

**❍ စာမျက်နှာ ၈ မှ**

နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ၁၃၅ ဒသမ ၇၀ ကီလိုဝပ် နာရီသန်းပေါင်းထုတ်လွှတ်ပေးနိုင်မည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က မြို့ကြီးဘက်စုံရေလှောင်တမံစီမံကိန်း တည်ဆောက်ခဲ့မှုအခြေအနေ၊ လက်ရှိတည်ဆောက်ပြီး ရေလှောင်တမံများကို အထောက်အကူဖြစ်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းများ၏ အခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် အထောက်အကူပြုမည့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပြည်သူများအတွက် ၂၀၁၆ ခုနှစ် နှစ်သစ်ကူးလက်ဆောင်အဖြစ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျိုင်းခမ်း၊ ဆည်တော်ကြီးရေကူ၊ မဏိပူရနှင့် အထက်ဗူးရေလှောင်တမံစီမံကိန်းများသည် သဘာဝဘေးဒဏ်ဖြစ်သည့် ရေကြီးနစ်မြုပ်မှုဒဏ်မှ ကာကွယ်ရန်ဖြစ်ခြင်း၊ စားနပ်ရိက္ခာ ဖူလုံရေးအတွက် အဓိကကျသည့် ဆည်ရေသောက်စိုက်ပျိုးမြေများကို တိုးချဲ့နိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား တိုးချဲ့ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် ဦးစားပေး မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်ပါက အခြားစီမံကိန်းများကို လျှော့ချပြီး ယခုစီမံကိန်းလေးခုကို အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ကြီးဌာန တာဝန်လွှဲပြောင်းရာတွင်လည်း ယခု စီမံကိန်းများနှင့်ပတ်သက်ပြီး အသေးစိတ်လွှဲပြောင်းရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြို့ကြီးရေလှောင်တမံပုံစံငယ်အား ကြည့်ရှုပြီး တမံရှုရပ်မှ ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



ဒေသခံတစ်ဦး ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

### ဆက်လက်ဆောင်ရွက်ရမည့် အဓိကစီမံကိန်းလုပ်ငန်းကြီးများ အခြေအနေ

| စဉ် | စီမံကိန်းအမည် | ခ. မ. စ တန်ဖိုး (ကျပ်သန်း) | စီမံကိန်း စတင်သည်မှာ (၂၀၁၅-၂၀၁၆) ခုနှစ်အထိ ရရှိပြီးရန်ပုံငွေ (ကျပ်သန်း) | ရေလှောင် ပမာဏ (ဧကပေ) | အကျိုးပြုမှု | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | စိုက်ဧက | ရေအား လျှပ်စစ် (မဂ္ဂါဝပ်) | |
| ၁ | ကျိုင်းခမ်း | ၁၄၇၀၁၀ | ၇၂၃၈. ၀၄၂ | ၃၄၅၃၅၀ | - | ၆ | ဇော်ဂျီတမံသို့ ရေကူးရန် |
| ၂ | ဆည်တော်ကြီး ရေကူ | ၁၄၃၂၀၀. ၀၀ | ၃၈၈၁. ၇၇၃ | ၅၃၀၀၀၀ | - | ၆၄ | ဆည်တော်ကြီးတမံသို့ ရေကူးရန်နှင့်ဒေသအတွင်း ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် |
| ၃ | မဏိပူရ | ၄၃၅၀၀၀. ၀၀ | ၁၇၅၀၈. ၂၉၁ | ၁၂၆၀၀၀၀ | ၅၀၀၀၀ | ၃၈၀ | မြစ်သာမြစ်ဝှမ်းရေကြီး နစ်မြုပ်မှုမှကာကွယ်ရန် |
| ၄ | အထက်ဗူး | တွက်ချက်ဆဲ | တွက်ချက်ဆဲ | တွက်ချက်ဆဲ | တွက်ချက်ဆဲ | ၈၀ | မုန်းချောင်းတမံသို့ ရေကူးရန်နှင့်ဒေသ အတွင်း ရေကြီးနစ်မြုပ် မှုမှကာကွယ်ရန် |



**❖ ကလေးမြို့မှ**

နစ်မြုပ်မှုမှာ နှစ်ပေါင်း ၁၀၀ အတွင်း တစ်ကြိမ်တစ်ခါမျှ ဖြစ်ပေါ်ဖူးခြင်းမရှိခဲ့ဘဲ လွန်ခဲ့သောဇူလိုင်လနှင့် ဩဂုတ်လအတွင်း ကလေးဒေသတွင် ရေကြီးရေလျှံမှုကြောင့် ကလေးမြို့နယ်တွင် လူနေအိမ်ခြေ ၃၅၈ လုံး၊ ကလေးဝမြို့နယ်တွင် လူနေအိမ်ခြေ ၉၁ လုံးနှင့် မင်းကင်းမြို့နယ်တွင် လူနေအိမ်ခြေ ၂၄ လုံး စုစုပေါင်း လူနေအိမ်ခြေ ၄၇၃ လုံး ရေမျောပျက်စီးခဲ့သည်။

ယင်းကဲ့သို့ ကလေးဒေသတွင် ပျက်စီးဆုံးရှုံးမှုကြီးမားသော်လည်း ရေဘေးသင့်ပြည်သူများအား မူလအနေအထားထက် သာလွန်ကောင်းမွန်အောင်နေထိုင်နိုင်ကြရေးအတွက် ရေမျောပျက်စီးသွားသော လူနေအိမ်များအစား ပိုမိုကောင်းမွန်သော အိုးသစ်အိမ်သစ်များကို သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးနိုင်ရေးအတွက် အရှိန်မြှင့်တင်၍ ဆောင်ရွက်ပေးကြရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ကာ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဖုန်အလိုက်တာဝန်ပေးထားသော ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက အနီးကပ်ကြီးကြပ်လျက်ရှိရာ ကလေးခရိုင်အတွင်းရှိ လူနေအိမ်သစ်များဆောက်လုပ်မှုမှာ ယခုအချိန်တွင် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။ ရေဘေးသင့်ပြည်သူများလည်း အိုးသစ်အိမ်သစ်များတွင် စတင်ပြောင်းရွှေ့နေထိုင်လာကြပြီဖြစ်ကြောင်း သိရသည်။

**(ဂျိုးနက်)**

## တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၂၀ လက်မ ဖြစ်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

# ဘိုးပိုင်ပေါ်တွင် ဆိပ်ခံပြု၍ ကျောက်စရစ်သယ်ခြင်းလုပ်ငန်းများ တားဆီးပေးခြင်းဖြင့် ဖျာပုံတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲမည်

**ဖျာပုံ ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၏ လူမှုစီးပွားရေးအတွက် ပြည်သူများ အဓိက အားထားအသုံးပြုနေရသည့် ဖျာပုံတံတားကြီးကို နိုင်ငံတော်အစိုးရမှ တည်ဆောက်ပေးထားသည့်အတွက် ခရီးသွားပြည်သူများနှင့် မြို့နေပြည်သူများစိတ်ချမ်းမြေ့စွာ အသုံးပြုနေရသည်မှာ ဆယ်စုနှစ်ကျော်ခန့် ရှိပြီဖြစ်သည်။

တံတားကြီးကြောင့် ပြည်သူများ လူမှုစီးပွားရေး အဆင်ပြေစွာ ကူးသန်းရောင်းဝယ်မှုပြုနေရပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်နေသည်ကိုလည်း အမှန်ပင်မြင်တွေ့နေရသည်။ ထို့ကြောင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲစွာတည်ရှိနေစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်ရန် အထူးလိုအပ်နေပြီး တံတားကြီးအနီးတွင် မကျူးကျော်ရ သတိပေးဆိုင်းဘုတ်များ စိုက်ထူထားကာ တံတားကြီး ခြေဆင်းအောက်ရှိ RC ဘိုးပိုင်များလုံခြုံရေးအတွက် သက်ဆိုင်ရာဌာနတာဝန်ရှိသူများက သံဆူးကြိုးများ ကာရံထားကြောင်း သိရသည်။

ယခုအခါ အဆိုပါတံတားကြီး၏ အရှေ့ဘက်ခြမ်း အုန်းပင်ကျေးရွာအနီး မြစ်ကမ်းဘေးတွင် လုပ်ငန်းရှင်များက ဘိုးပိုင်အမှတ်(၅)ကို အသုံးပြု၍ ကျောက်စရစ်၊ ဂဝံကျောက်၊ သဲများသယ်ဆောင်လာသည့် ရေယာဉ်များ ဆိုက်ကပ်ပြီး ကမ်းပါးပေါ် သယ်ယူစုပုံထားသည်များကို မြင်တွေ့နေရသဖြင့် တံတားကြီး RC ဘိုးပိုင် အမှတ်(၅)နှင့်အခြားဘိုးပိုင်များ ရေရှည်ကြံ့ခိုင်စေရန်အတွက် စိုးရိမ်နေရသည်။

"ကျွန်တော်တို့ဖျာပုံမြို့မှာ အုတ်၊ သဲ၊ ကျောက်လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေများပါတယ်။ မြစ်ကမ်းဘေးတစ်လျှောက်မှာရှိနေတဲ့ နေရာအသီးသီးမှာ ပစ္စည်းအတင်အချလုပ်ပါတယ်။ တခြားနေရာတွေမှာလုပ်တာက စိုးရိမ်စရာမရှိဘူး"ဟု ဒေသခံတစ်ဦးက ပြောသည်။

"ဒီလိုပြည်သူတွေအတွက်အရေးကြီးတဲ့ ဖျာပုံတံတားကြီးအောက်မြစ်ကမ်းဘေး RC ဘိုးပိုင်ကို အသုံးပြုပြီး အုတ်၊ သဲ၊ ကျောက်လုပ်ငန်းရှင်တွေ ပစ္စည်းအတင်အချလုပ်နေတာ အမြင်မသင့်တော်သလို တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲနေဖို့အတွက် စိုးရိမ်နေရပါတယ်"ဟု ဖျာပုံမြို့နေ ပြည်သူတစ်ဦးက ပြောသည်။

ဖျာပုံတံတားကြီးကို တည်ဆောက်ခဲ့စဉ်က ဖျာပုံမြို့ဘက်ခြမ်းမြစ်ကမ်းဘေးမှ ရေလယ်တိုင်များအပါအဝင် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာမြစ်ကမ်းဘေးအထိ RC ဘိုးပိုင် (၁)မှ (၅)ထိတည်ရှိပြီး အဆိုပါ RC ဘိုးပိုင်များသည် တံတားကြီး၏ အဓိက အရေးကြီးသော နေရာများဖြစ်သဖြင့် ရေယာဉ်များ၊ လှေ၊ သင်္ဘောများကြိုးချည်၍ ဆက်တိုက် ဆိုက်ကပ်နားနေခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုခြင်းမပြုရန် တားမြစ်ထားသည်။

ထိုသို့ တားမြစ်ထားသော်လည်း အဆိုပါအချက်များကို မျက်ကွယ်ပြု၍ မိမိတို့ အကျိုးစီးပွားအတွက် အမှတ်(၅) RC ဘိုးပိုင်အောက်ခြေတွင် ရေယာဉ်များ ကြိုးချည်ဆိုက်ကပ်ခြင်းများကို တာဝန်ရှိဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့ အစည်းများ၊ မြို့မိမြို့ဖများ ပူးပေါင်း၍ တားဆီးပေးမှသာ ဖျာပုံတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲစွာ တည်ရှိနေမည်ဖြစ်ကြောင်း ဒေသခံများက သုံးသပ် ပြောဆိုလျက် ရှိကြသည်။ **(ချမ်းသာ)**



# ကောလင်းမြို့နယ် ဥက္ကံ-ကြို့ပင် ကျောက်ချောလမ်းခင်း

**ကောလင်း ဇန်နဝါရီ ၁**

ကောလင်းမြို့နယ် အနောက်ခြမ်းဒေသ သရက်ချဉ်ကျေးရွာနှင့် မူးတိမ်ကျေးရွာတို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၈၇ ဒသမ ၂၃ သန်းဖြင့် ကျောက်ချောလမ်းခင်းလျက်ရှိသည်။ သရက်ချဉ်နှင့် မူးတိမ်ရွာလမ်း၏အရှည်မှာ သုံးမိုင်ရှိပြီး အကျယ် ၁၂ ပေအကျယ်ရှိသည်။ လက်ရှိတွင် လမ်း၏ ၆၀ ရာခိုင်နှုန်းကို ကျောက်ခင်းလမ်းအဖြစ်ခင်းပြီးသည်ဟု သိရှိရပြီး မြင့်မိုရ်သူကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည်။

အဆိုပါ လမ်းပိုင်းသည် နှစ်စဉ်မိုးရာသီကာလ၌ မြေသားလမ်းဖြစ်၍ ရေနစ်မြုပ်မှုများဖြစ်ပေါ်ကာ လမ်းများသည် ရွှံ့ညွန်များဖြင့်ဗွက်ထကာ ဒေသခံပြည်သူများနှင့် ဥက္ကံကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက် ပညာသင်ကြားကြသည့် ကျောင်းသား ကျောင်းသူများ သွားလာရေးခက်ခဲ့ကြသည်။ အဆိုပါ ကျောက်ချောလမ်းခင်းပြီးပါက ကြို့ပင်အုပ်စုနှင့် သရက်ချဉ်ကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများ ဥက္ကံကျေးရွာသို့ ရာသီမရွေးသွားလာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းလူမင်း(မီဒီယာဂရု)**

# အင်းဝဒေသရှိ မယ်နုအုတ်ကျောင်းသို့ ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လေ့လာမှုများပြား

**တံတားဦး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝ ရှေးဟောင်းယဉ်ကျေးမှုဒေသရှိ အောင်မြေဘုံစံ(ခ) မယ်နုအုတ်ကျောင်းသို့ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လေ့လာမှု များပြားလျက်ရှိကြောင်း သိရသည်။

"အင်းဝကလာတဲ့ ခရီးသွားတွေက မယ်နုအုတ်ကျောင်းကို မလာဘဲ ပြန်တဲ့သူမရှိဘူး။ ဒီကျောင်းကြီးရဲ့ ဗိသုကာလက်ရာတွေ၊ရှေးခေတ်ပညာရှင်တွေရဲ့ တည်ဆောက်ပုံ လက်ရာတွေ၊ အုတ်ကျောင်းကြီးရဲ့ ထုထည်ကြီးမားမှုတွေကို စိတ်ဝင်စားလေ့လာကြတယ်"ဟု ဒေသခံများက ပြောသည်။

အင်းဝမြို့ဟောင်းရှိ မယ်နုအုတ်ကျောင်းကို မြန်မာသက္ကရာဇ် ၁၁၈၄ ခုနှစ်တွင် စတုတ္ထမြို့တည်၊ နန်းတည်ဘကြီးတော်မင်းတရားကြီးနှင့် နန်းမတော်မယ်နုတို့မှ လှူဒါန်းခဲ့သည်။ ကျောင်းဆောက်လုပ်ရာတွင် ငါးနှစ်ကျော်ကြာမြင့်ခဲ့ပြီး ၁၁၈၉ ခုနှစ်တွင် မဟာအောင်မြေဘုံစံဟု ကမ္ပည်းထိုးကာ ညောင်ကန်ဆရာတော်ဦးပိုအား ရေစက်ချလှူဒါန်းခဲ့သည်။ ဦးပိုပျံလွန်တော်မူပြီးနောက် ညောင်ကန်ဆရာတော်ဦးဗုဓ်ကို ထပ်မံလှူဒါန်းခဲ့သည်။

အုတ်ကျောင်းမှာ အကျယ်အဝန်းအားဖြင့် အလျား ၁၉၂ ပေ၊ အနံ ၁၁၂ ပေ၊ အမြင့် ၉၄ ပေရှိပြီး ကုန်းဘောင်ခေတ်(အေဒီ ၁၉) လက်ရာများကို လေ့လာနိုင်သည်။ အုတ်ကျောင်းကြီး၏ ကျောင်းဦးပြာသာဒ်နှင့် အဆောင်မကြီးကို ကိုးပေခွာ၍ တည်ဆောက်ထားပြီး ပြာသာဒ်ဆောင်ကို မျက်နှာလေးဘက်ဖွင့်ထားသည်။ အဆောင်မကြီးတွင် အရှေ့အနောက်တန်းလျက် အခန်းနှစ်ခန်းပါဝင်ပြီး ထိုအခန်းများကို စကြံပတ်လမ်းများဖြင့် ရစ်ပတ်ထားသည်။

အုတ်ပေါင်းကူးလှုဝင်ပေါက်များတွင် သစ်သားတံခါးများ တပ်ဆင်ထားသည်။ အုတ်ကျောင်းကြီးသည် သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့ရာ နန်းမတော်မယ်နု၏ သမီးတော် ဆင်ဖြူမရှင်က သက္ကရာဇ် ၁၂၃၄ ခုနှစ်တွင် ပြုပြင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# စပါးအသစ်များ လှိုင်လှိုင်ရိတ်သိမ်းနေ၍ စပါးအဟောင်းများ ဈေးနှုန်းကျဆင်းသော်လည်း စပါးအသစ်မှာ ဈေးနှုန်းအမြင့်တွင် ရပ်တည်နေ

**ရွှေဘို ဇန်နဝါရီ ၁**

ရွှေဘိုဒေသတွင် မိုးစပါးများ လှိုင်လှိုင်ရိတ်သိမ်းနေ၍ စပါးအဟောင်းများ ဈေးနှုန်းကျဆင်းသော်လည်း စပါးအသစ်မှာ ဈေးနှုန်းအမြင့်တွင် ရပ်တည်လျက်ရှိကြောင်း ဒေသခံလယ်သမားများ၊ စပါးရောင်းဝယ်သူများထံမှ သိရသည်။

အဆိုပါ ရွှေဘိုဒေသတွင် သဖန်းဆိပ်ဆည်ရေဖြင့် စိုက်ပျိုးနိုင်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၌ စပါးအများဆုံးစိုက်ပျိုးရာ ဒေသတစ်ခုဖြစ်သည့်အပြင် မိုးစပါးကို လယ်မြေဧကပေါင်း ငါးသိန်းကျော် ခြောက်သိန်းနီးပါး စိုက်ပျိုးနိုင်ပြီး နွေစပါးကိုလည်း ဧကပေါင်း သုံးသိန်းကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယင်းဒေသတွင် ရွှေဘိုပေါ်ဆန်းစပါးကို အများဆုံးစိုက်ပျိုးပြီး စပါးအထွက်နှုန်း ကောင်းသည့်အပြင် ဈေးနှုန်းလည်း တစ်နိုင်ငံလုံးတွင် အမြင့်မားဆုံး ဖြစ်သည့်အတွက် တောင်သူလယ်သမားတိုင်း အားထား၍ စိုက်ပျိုးနေကြကြောင်း၊ ရွှေဘိုပေါ်ဆန်းစပါးသည် စက်တင်ဘာ၊ အောက်တိုဘာလတို့တွင် စပါးတင်းတစ်ရာလျှင် အရည်အသွေးအလိုက် ကျပ်တစ်ဆယ့်လေးသိန်းထိ မကြုံစဖူး စံချိန်သစ် တင်နိုင်လောက်အောင် ဈေးနှုန်းမြင့်မားခဲ့ကြောင်း သိရသည်။

ယခုအချိန်တွင် စပါးအသစ်များ လှိုင်လှိုင်ရိတ်သိမ်းနေ၍ ရွှေဘိုပေါ်ဆန် စပါးအဟောင်းများမှာ တဖြည်းဖြည်း ကျပ်တစ်ဆယ့်နှစ်သိန်းထိ ဈေးနှုန်းကျဆင်းသွားသော်လည်း ရွှေဘိုပေါ်ဆန်းစပါး အသစ်မှာ အရည်အသွေးအလိုက် ကျပ်ကိုးသိန်း၊ ကိုးသိန်းကျော်နှင့် ဈေးနှုန်းအမြင့်တွင် ရပ်တည်နေကြောင်း ခင်ဦးမြို့ စပါးပွဲစား ဦးစိုးထံမှ သိရသည်။

ရွှေဘိုပေါ်ဆန်း စပါးအသစ်ကို ဝယ်ယူရာ၌ အများအားဖြင့် ကြိတ်ခွဲပြီး ဆန်အဖြစ်ရောင်းချရန် မဟုတ်ဘဲ ဈေးကောင်းသည့် အချိန်ရောက်မှသာ ရောင်းချနိုင်ရေးအတွက် ဝယ်ယူသိုလှောင်နေခြင်းဖြစ်ကြောင်း သိရသည်။

စပါးများ လှိုင်လှိုင်ရိတ်သိမ်းနေ၍ ဈေးနှုန်း ဆက်လက်မြင့်တက်မည် မဟုတ်သော်လည်း ယနေ့ပေါက်ဈေးထက် ဆိုးရွားစွာနိမ့်ကျခြင်း မရှိဘဲ ပုံမှန်ဈေးနှင့် အရောင်းအဝယ် ဆက်လက် ဖြစ်နေလိမ့်မည်ဟု ဒေသခံလယ်သမားက ယုံကြည်နေကြကြောင်း သိရသည်။

**(ရောင်နီတင်ဝင်း)**



ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မှုခင်းကျဆင်းရေးအတွက် ယာဉ်စစ်ပိတ်ဆို့စစ်ဆေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# နှစ်သစ်ကူးညတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုနှစ်မှု၊ ယာဉ်မတော်တဆမှုရှစ်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတစ်မှုဖြစ်ပွားခဲ့

**ရန်ကုန် ဇန်နဝါရီ ၁**

နှစ်သစ်ကူးညတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ မီးလောင်မှုနှစ်မှု၊ ယာဉ်မတော်တဆမှုရှစ်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတစ်မှုဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ စုံစမ်းသိရှိရသည်။

"နှစ်သစ်ကူးမှာ ထူးခြားမှုအနေနဲ့အမှုကြီးလုံးဝမဖြစ်ခဲ့ပါဘူး။ မီးလောင်မှု၊ ယာဉ်မတော်တဆမှုတွေနဲ့ နာကျင်စေမှုတစ်မှုပဲဖြစ်ခဲ့တယ်။ မနှစ်က မှုခင်းဖြစ်ပွားမှုဖြစ်စဉ်တွေကိုသုံးသပ်ပြီး ကြိုတင်ဆောင်ရွက်ခဲ့တယ်။ လူစည်ကားတဲ့နေရာနဲ့ပွဲတော်နေရာတွေမှာ ရဲတပ်ဖွဲ့ဝင်တွေက လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ခဲ့တယ်။ ပြည်သူတွေအနေနဲ့လည်း စည်းကမ်းရှိလာတာကြောင့် မူးယစ်ရမ်းကားသူမရှိသလောက်ပါပဲ။ ပြည်သူတွေအနေနဲ့ပူးပေါင်းပါဝင်လာတဲ့အတွက် နှစ်သစ်ကို အမှုအခင်းအနည်းဆုံးနဲ့ဖြတ်ကျော်လာနိုင်ခဲ့တာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးပြည့်စုံက ပြောသည်။

ဒီဇင်ဘာ ၃၁ ရက်ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် (၁၂၄)လမ်းရှိ ဦးမြင့်သိန်း နေအိမ်နောက်ဖေးခန်းရှိ ရေခဲသေတ္တာမော်တာဂျမ်းဖြစ်ရာမှ အပူလွန်ကဲ၍ ဝါယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ယင်းမီးလောင်မှုကြောင့် တန်ဖိုးငွေကျပ်ခြောက်သောင်းခန့်ဆုံးရှုံးခဲ့သဖြင့် ဦးမြင့်သိန်းအား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက (ပ)၁၁၆၃/၂၀၁၅၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။

အလားတူ ဇန်နဝါရီ ၁ ရက် နံနက် ၀၀ နာရီ ၀၅ မိနစ်ခန့်က ဗဟန်းမြို့နယ်အနောက်ရွှေဂုံတိုင်ရပ်ကွက် ကမ္ဘာအေးဘုရားလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းထောင့် ယုဇနတာဝါရှိ ဘကောင်းစားသောက်ဆိုင်တွင်လည်း ဆိုင်အနောက်ဘက်မီးဖိုခန်းတွင်တပ်ဆင်ထားသော ပန်ကာမော်တာမှ အပူလွန်ကဲပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် ဆိုင်မန်နေဂျာ ဦးစံရွှေမောင်အား ဗဟန်းမြို့မရဲစခန်းက(ပ)၂/၂၀၁၆၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။

ထို့ပြင်ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ယာဉ်မတော်တဆမှုရှစ်ကြိမ်ဖြစ်ပွားခဲ့ကာ သေဆုံးသူသုံးဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူရှစ်ဦးအထိရှိခဲ့ပြီး ရန်ကင်း၊ ကမာရွတ်၊ လှည်းကူး၊ ဗိုလ်တထောင်၊ အလုံနှင့်မရမ်းကုန်းမြို့နယ်တို့တွင်ဖြစ်ပွားခဲ့သည်။ ခိုက်ရန်ဖြစ်ပွားမှုအနေဖြင့် တစ်မှုသာရှိခဲ့ပြီး သုံးခွမြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ပုံမှန်ဆောင်ရွက်နေသည့် လှည့်ကင်း၊ ဝပ်ကင်း၊ ယာဉ်စစ်ပိတ်ဆို့စစ်ဆေးမှုများအပြင် အသစ်ထပ်မံရောက်ရှိလာသည့်မော်တော်ယာဉ် ၄၅ စီးဖြင့်လည်း လုံခြုံရေးကို ပိုက်စိပ်တိုက်တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သဖြင့် နှစ်သစ်ကူးညတွင် မှုခင်းဖြစ်ပွားမှုနည်းပါးခဲ့ပြီးနှစ်သစ်သို့အေးချမ်းစွာ ဖြတ်ကျော်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ရဲမှူးပြည့်စုံက ဆိုသည်။

**ဇော်ကြီး(ပဏီတ)**

ပြည်တွင်းရေးရာ

# ပျားမွေးမြူရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ဆန်းသစ်တီထွင်အသုံးပြုလာကြပြီး ခေတ်မီနည်းစနစ်များဖြင့် ပျားရည်ထုတ်ယူလာ

နန်း နွယ် အောင်



'ပျားအုံ'ဟုဆိုလိုက်သည်နှင့် သစ်ပင်၊ သစ်ကိုင်းများတွင် ချိတ်တွယ်နေသော ပျားသလက်ချပ်တစ်ချပ်တည်းရှိသော ပျားအုံ၊ သစ်ခေါင်းများအတွင်း ပျားသလက်ချပ်များ အပြိုင်ဆောက်လုပ် အုံဖွဲ့နေသောပျားအုံများကိုသာ ပြေးမြင်မိကြမည်ပင်ဖြစ်သည်။ "ပျားရည်"ဟုဆိုရာတွင်လည်း သဘာဝ အလျောက် ဖွဲ့တည်နေသော ပျားအုံအား မီးခိုးမှိုင်းတိုက်၍ ပျားများ သေကျေပျက်စီးကာ ပျားသလက်ကို လက်ဖြင့်ဆုပ်ညှစ်၍ ပျားအုံ ပျက်စီးပြီးမှရရှိသော ပျားရည်ကိုသာ မြင်ယောင်မိကြပေမည်။ လူအများစုသည် ယင်းပျားရည်ကို ရယူစားသုံးကြရန် မဝံ့မရဲ ဖြစ်တတ်ကြသည်။

ခေတ်မီပျားမွေးမြူရေးဆိုသည်မှာ ပျားများသေကျေပျက်စီးခြင်း၊ ပျားအုံပျက်စီးခြင်းမရှိဘဲ ပျားရည်၊ ဝတ်မှုန်နှင့် အခြားပျားထွက်ပစ္စည်းသန့်သန့်ကိုသာ ထုတ်ယူရန်အတွက် နည်းစနစ်ကျစွာ မွေးမြူခြင်းဖြစ်သည်။

ပျားမွေးမြူသည့် အတတ်ပညာကို လူသားတို့သည် ပျားအုံများကို လုံလုံခြုံခြုံဖြင့် ကာလကြာရှည်စွာထားရှိရန် ပြုလုပ်ခဲ့ကြရာမှ စတင်ခဲ့သည်ဟုသိရှိရသည်။ ပထမတွင် လဲပြိုနေသော သစ်ပင်မှသစ်ခေါင်းများ၊ သစ်ပင်၏ အကိုင်းအခက်များဖြင့် စတင်အသုံးပြုမွေးမြူရာမှ တဖြည်းဖြည်းတီထွင်လုပ်ကိုင်လာကြရာ သစ်ခေါင်းတွင်မွေးမြူရာမှ ရေအိုးဖြင့် မွေးမြူခြင်းကို မြေထဲပင်လယ်ဒေသ၌ စတင်ခဲ့ကြပြီး မွေးမြူသော ပျားများမှာ အုံခွဲထွက်လာသော ပျားများဖြစ်သည်။ ထိုမှတစ်ဆင့် ခြင်းများ၊ ကောက်ရိုးခြောက်ခွေများဖြင့် တီထွင်အသုံးပြုလာကြသည်။ ပျားများကို မွေးမြူနေကြသော်လည်း အေဒီ (၁၅၀၀) အထိ ပျားတို့၏ ဇီဝဗေဒအကြောင်းနှင့် ထိန်းသိမ်းနည်းများကို မသိရှိကြသေးပေ။

အေဒီ (၁၅၀၀) မှ အေဒီ (၁၈၅၀) အတွင်းတွင် ပျားတို့၏သဘာဝကို သိပ္ပံပညာရှင်များက လေ့လာစူးစမ်း၍ ဖော်ထုတ်ခဲ့ကြသည်။ အေဒီ (၁၈၅၁) တွင် အမေရိကန်ပြည်သား (Lorenze Lorraine Langstroth)ဆိုသူ ဘုန်းတော်ကြီးက ပျားများ အုံအတွင်း လွယ်ကူလွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်သည့် ပျားသလက်ဘောင်နှင့် ပျားအိမ်ကို စတင်တီထွင်ခဲ့ရာ ယခုအချိန်အထိ ယင်းပျားအိမ်ပုံစံအား ခေတ်မီပျားမွေးမြူရေးလုပ်ငန်းများတွင် အသုံးပြုနေကြဆဲဖြစ်သည်။ ထိုမှ အဆင့်ဆင့် လေ့လာတီထွင်ခဲ့ရာ ၁၉၂၆ ခုနှစ်တွင် ပျားဘုရင်မ မေထုန်မှဲ့သားစပ်နည်းအား စမ်းသပ်အောင်မြင်ခဲ့သည်။ ပျားမွေးမြူရေးဆိုင်ရာ ပစ္စည်းကိရိယာများကိုလည်း အသုံးပြုရလွယ်ကူရှင်းလင်းစေရန် ဆန်းသစ်တီထွင် အသုံးပြုလာကြပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ခေတ်မီနည်းစနစ်ဖြင့် မွေးမြူနေသော ပျားမျိုးမှာ ဥရောပပျားမျိုး (Apis mellifera) ဖြစ်ပြီး ဒေသခံသစ်ခေါင်းပျားမျိုးများကိုလည်း ခေတ်မီအုံအတွင်း အုံသွင်းမွေးမြူခြင်းအားလည်း ဆောင်ရွက်နေပြီဖြစ်သည်။ ပျားများသည် ပျားသလက်ဟုခေါ်သော ဖယောင်းပြားပေါ်တွင် လှုပ်ရှားသွားလာရင်းမှ ပျားရည်စုဆောင်းရှာဖွေခြင်း၊ ပျားအချင်းချင်း စုစုစည်းစည်း နေထိုင်ခြင်းတို့ကို တွေ့ရှိရသည်။ ပျားအုံတစ်အုံတွင် ပျားအမျိုးအစားသုံးမျိုးကို တွေ့ရပြီး ၎င်းတို့မှာ ပျားဘုရင်မ၊ လုပ်သားပျားနှင့် ပျားထီးတို့ဖြစ်ကြသည်။ လုပ်သားပျားနှင့် ပျားဘုရင်မတို့မှာ အမများဖြစ်ပြီး လုပ်ငန်းတာဝန်ထမ်းဆောင်ပုံမတူကြပေ။ ခန္ဓာကိုယ်တည်ဆောက်ပုံလည်း ကွဲပြားသည်။ လုပ်သားပျားများထဲတွင်လည်း အသက်အရွယ်အလိုက် တာဝန်များမတူကြပေ။ ပျားအုံတစ်အုံ၏ သက်တမ်းသည် ကာလ ရှည်ကြာတတ်သော်လည်း အုံရှိပျားများ၏ သက်တမ်းမှာ မတူညီကြပေ။ သေဆုံးကုန်ကြသောပျားများ၏နေရာတွင် သက်ငယ်ပျားများ အစားထိုးဝင်ရောက်လာတတ်ကြသဖြင့် ပျားအုံများ၌ ပျားများကို အချိန်အခါမရွေး တွေ့နေရခြင်းဖြစ်သည်။

ပျားသလက်ချပ်များရှိ (cell) ဆဲလ်ကွက်များကို အကြမ်းအားဖြင့် လုပ်သားပျားဆဲလ်နှင့် ပျားထီးဆဲလ်ဟူ၍ ခွဲခြားထားပြီး ပျားဘုရင်မဆဲလ်ကိုမူ အုံရှိ ပျားဘုရင်မအိုမင်းလာချိန်၊ ပျားအုံခွဲထွက်လိုချိန်များတွင် တွေ့ရှိရတတ်သည်။ အစာစုဆောင်းခြင်းနှင့် သားလောင်း ပေါက်ဖွားပြုစုခြင်းတို့ကို ပျားအုံ၏ လိုအပ်ချက်အရ လုပ်ဆောင်တတ်ကြသည်။ များသောအားဖြင့် ပျားသလက်ဘောင်တစ်ခု၏အပေါ်ဘက်၌ ရင့်မှည့်သော ပျားရည်ကို လည်းကောင်း၊ အလယ်၌သားလောင်းများ ကိုလည်းကောင်း၊ ဘေးဘက်နှင့် အောက်ဘက်တို့၌ ဝတ်မှုန်ကိုလည်းကောင်း တွေ့ရတတ်သည်။ အချို့သော ပျားသလက်ဘောင်များပေါ်တွင် အားလုံးနီးပါး ဝတ်ရည်၊ ဝတ်မှုန် ချည်းသော်လည်းကောင်း (သို့မဟုတ်) သားလောင်းချည်းသော်လည်းကောင်း တွေ့ရတတ်သည်။ ၎င်းမှာ အချိန်ရာသီနှင့် ပျားစာရရှိမှုကြောင့်လည်း ဖြစ်တတ်သည်။

အစာရှာပျားတို့သည် ယေဘုယျအားဖြင့် အစာပေါများသော နေရာတစ်ခုတည်း၌သာ ပျံသန်းရှာဖွေစုဆောင်းလေ့ရှိကြသည်။ အုံအတွင်းမှ ပြင်ပသို့ အစာရှာထွက်လာသည့်အခါတွင် သွားနေကျအစာရှိရာသို့ ပျံသန်းသွားတတ်ကြပြီး ပန်းပွင့်အမျိုးအစားတစ်မျိုးတည်း၌သာ ဝတ်ရည်၊ ဝတ်မှုန်စုဆောင်းလေ့ရှိကြသည်။ ဝတ်ရည်အိတ် အပြည့်ရရှိရန် ပန်းပွင့်ပေါင်းထောင်ချီ၍ သွားကြရပေသည်။ ထို့ကြောင့် ဝတ်မှုန်ကူးလုပ်ငန်းအတွက် အကျိုးသက်ရောက်မှုများရခြင်း ဖြစ်သည်။

ပျားများသည် ရာသီဥတုပြောင်းလဲမှုအပေါ်မူတည်၍ ပျားအုံ၏ လုပ်ငန်းများဖြစ်သော အစာစုဆောင်းခြင်း၊ ပျားအုံအင်အား တိုးပွားခြင်းနှင့် အုံခွဲထွက်ခြင်းများပြုလုပ်တတ်ကြသဖြင့် ပျားအုံအား စနစ်တကျရာသီအလိုက် ကိုင်တွယ်ထိန်းသိမ်းတတ်ရန် လိုအပ်ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ဥရောပပျားမျိုးတို့၏ မူလသဘာဝအရ ပျားအုံတစ်အုံတွင် အင်အားပြုစုပျိုးထောင်ချိန် (Building up period)၊ ပျားရည်ထွက်ရာသီ (Honey flow period)နှင့် အစာရှားပါးချိန် (Dearth period) တို့မှာ အစဉ်လိုက်ပြောင်းလဲဖြစ်ပေါ်လျက်ရှိသဖြင့် ပျားမွေးသူက ပျားမွေးမြူရေးပညာများကို ဂရုတစိုက်လေ့လာ၍ အကောင်းဆုံးပံ့ပိုးလုပ်ဆောင်ပေးခြင်းဖြင့် ပျားအုံများမှ အကောင်းဆုံးအကျိုးတရားများ ပြန်လည်ရရှိနိုင်မည် ဖြစ်သည်။

ပျားရည်ထုတ်ရာသီတွင် ပျားရည်အမြောက်အမြား စုဆောင်းရန်အတွက် ပျားသလက်ဘောင်အလွတ်များ ထည့်ထားသော ပျားအိမ်အလွတ်ကို မူလပျားအိမ်သားပေါက်ခန်းပေါ်သို့ ထပ်ဆင့်တင်ပေးရသည်။ မူလပျားအိမ်နှင့် ထပ်ဆင့်ပျားအိမ်ကြားတွင် ပျားဘုရင်မတားဆန်ခါကို ကြားခံ ခြားထားပေးရမည်။ ပျားဘုရင်မသည် အပေါ်ထပ်ဆင့်ပျားအိမ်ရှိပျားသလက် များပေါ်တွင် ဥအုခြင်း မပြုလုပ်နိုင်ရန်အတွက် ဖြစ်သည်။ သို့မှသာ ပျားရည်သီးသန့် ဘောင်များကိုရရှိပြီး ပျားရည်ထုတ်ယူရာတွင် ပျားသားလောင်းများ ပါဝင်သေကျေပျက်စီးခြင်း မရှိနိုင်မည် ဖြစ်သည်။

ပျားအုံအတွင်းတွင် မရင့်မှည့်သော ပျားရည်နှင့် ရင့်မှည့်ပြီးပျားရည်ဟူ၍ နှစ်မျိုး တွေ့နိုင်ပါသည်။ ရင့်မှည့်ပျားရည်မှာ ပျားရည်အဆင့်ရောက်ရှိ၍ ပျားဖယောင်းအုပ်ထားသော ပျားရည်ဖြစ်သည်။ ပျားရည်ထုတ်ယူရာတွင် ပျားဖယောင်းအုပ်ထားသော ပျားရည်ကိုသာ ထုတ်ယူရသည်။ ပျားသလက်ဘောင်မျက်နှာပြင်ပေါ်ရှိ ပျားများအား ပျားအုံတွင်းခါချခဲ့၍ ဖုံးအုပ်ထားသော ဖယောင်းများကို ဖယောင်းလှီးဓား (Uncapping Knife)ဖြင့် လှီးထုတ်ခွာပစ်ရပါမည်။ ဖယောင်းလှီးပြီးသော ပျားရည်ဘောင်များအား ပျားရည်ထုတ်စက်အတွင်းထည့်၍ လှည့်ထုတ်ကာ သန့်စင်သောပျားရည် ထုတ်ယူနိုင်သည်။ ၎င်းပျားရည်ထုတ်စက်မှာ ဗဟိုခွာအား( Centrifugal Force) ကို အသုံးပြုထားသည်။ ပျားရည်ထုတ်ယူရာတွင်လည်း အုံရှိပျားများစားသုံးရန်အတွက် လုံလောက်သော ပျားရည်ဘောင်များအား ချန်ထားရမည်ဖြစ်သည်။

ခေတ်မီပျားမွေးမြူရေး နည်းစနစ်များအတိုင်း ပျားရည်ထုတ်ယူရာတွင် ပျားသားလောင်းများ၊ ပျားများ၊ ပျားအုံများ သေကျေပျက်စီးခြင်းမရှိခြင်း၊ ရင့်မှည့်ပြီးသော ပျားရည်များကိုသာ စနစ်တကျ သန့်သန့် ရှင်းရှင်းထုတ်ယူသဖြင့် ပျားရည်အချဉ်ပေါက်ခြင်းမရှိခြင်း၊ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်သော စံချိန်စံညွှန်းများရရှိနိုင်ခြင်း၊ ပျားအုံချထားမွေးမြူသော ပတ်ဝန်းကျင်ရှိ သီးပင်စားပင်များ၊ စိုက်ခင်း၊ သစ်တောများအား ဝတ်မှုန်ကူးခြင်းဖြင့် ရှင်သန်ဖွံ့ဖြိုးအထွက်တိုးစေခြင်းစသည့် အကျိုးများရရှိနိုင်သဖြင့် ခေတ်မီပျားမွေးမြူနည်းစနစ်ဖြင့် ပျားမွေးမြူလိုပါက မွေးမြူနိုင်ပါရန် တင်ပြလိုက်ရပေသည်။ ။

## လှိုင်သာယာမြို့နယ်၌ ရပ်/ကျေးရပ်မိရပ်ဖရွေးချယ်

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရပ်ကွက်ကြီး ၂၀နှင့် ကျေးရွာအုပ်စုကိုးအုပ်စုတို့တွင် အုပ်ချုပ်ရေးမှူးများအားလုံး ဇန်နဝါရီ ၃၁ရက်တွင် အပြီးသတ်ရွေးချယ်တာဝန်ပေးအပ်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ် ရပ်ကွက်(သို့)ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးဥပဒေ ပုဒ်မ(၆)နှင့်အညီ အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် တာဝန်ထမ်းဆောင်ရန်ဆန္ဒရှိသော ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ အများကြည်ညိုလေးစားသြဇာတိက္ကမရှိသည့် ရပ်မိရပ်ဖ ငါးဦးကိုရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့ တာဝန်ပေးအပ်နိုင်ရန် ယနေ့နံနက် ၁၀ နာရီက လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက် အနော်ရထာလမ်း အနန္တဂုဏ်ရောင်ကျောင်းတိုက် အတွင်း၌ မြို့နယ်အဆင့်တာဝန်ရှိသူများကဦးဆောင်၍ ပြည်သူအများဆန္ဒနှင့်အညီ ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

## ပုဂ္ဂလိက နေ့စဉ်သတင်းစာအချို့ ရောင်းဈေးနှုန်းမြင့်တက်၊ နိုင်ငံပိုင်သတင်းစာ ဈေးနှုန်းပြောင်းလဲမှုမရှိ

**ရန်ကုန် ဇန်နဝါရီ ၁**

ဇန်နဝါရီ ၁ ရက်မှစ၍ ပုဂ္ဂလိက နေ့စဉ်သတင်းစာနှစ်မျိုး ဈေးနှုန်းမြင့်တက်လာပြီး ဇန်နဝါရီ ၇ ရက်တွင် အခြားတစ်စောင်လည်း ဈေးနှုန်းမြင့်တက်မှုရှိလာမည်ဟု ဂျာနယ်၊ သတင်းစာရောင်းချသူများက ဆိုသည်။

လက်ကားဖြန့်ချိဈေးနှုန်းမှာ တစ်စောင်လျှင် ကျပ်၂၀ မြင့်တက်လာသဖြင့် လက်လီရောင်းချရာတွင် အကြွေအခက်အခဲကြောင့် ၅၀ ကျပ်နှုန်း ယခင်ရက်ထက် ဈေးမြင့်ဝယ်ယူလာရသည်။ အပြိုင်အဆိုင် ဈေးကွက်လုရောင်းချပြီး အပြိုင်နည်းသော နေရာများတွင် ကျပ် ၂၅၀ နှုန်းဖြင့် ရောင်းချသော နေ့စဉ်သတင်းစာတစ်စောင်သည် ယခုအခါ ဆိုင်တိုင်းတွင် ကျပ် ၂၅၀ နှုန်းဖြင့် တစ်ပြေးညီဝယ်ယူရသည်ဟု သတင်းစာစောင် ဝယ်ယူသူများက ဆိုသည်။

ပုဂ္ဂလိက နေ့စဉ်ထုတ်သတင်းစာများ ၂၀၁၂ ခုနှစ်မှစ၍ ထုတ်ဝေခဲ့ရာတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသော သတင်းစာအချို့ ရပ်ဆိုင်းမှုများရှိခဲ့သည်။ အခမဲ့ဖြန့်ချိသော ပုဂ္ဂလိက နေ့စဉ် သတင်းစာတစ်စောင်မှာ ၂၀၁၅ နှစ်လယ်ပိုင်းမှစ၍ တစ်စောင်လျှင် လက်လီငွေကျပ် ၁၀၀ နှုန်းသို့ ပြောင်းလဲထုတ်ဝေလာသည်။ သို့သော် လအနည်းငယ်အကြာတွင် ငွေကြေးအခက်အခဲကြောင့် ထုတ်ဝေမှု ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

နိုင်ငံပိုင်သတင်းစာ လက်လီရောင်းဈေးနှင့် တန်းတူ ဈေးကွက်တွင် တစ်စောင်ကျပ် ၁၀၀ နှုန်း ရောင်းချခဲ့သော ပုဂ္ဂလိက နေ့စဉ်သတင်းစာတစ်စောင်မှာ ၂၀၁၅ ခုနှစ်အတွင်း ဈေးနှုန်းနှစ်ကြိမ်ပြောင်းလဲမည်ဟု ကြိုတင်ကြေညာပြီး ဇန်နဝါရီ ၁ ရက်တွင် ကျပ် ၂၀၀ ဖြင့် ဝယ်ယူလာရသည်။



နိုင်ငံပိုင်သတင်းစာများသာ ဈေးကွက်တွင် လက်လီ ကျပ် ၁၀၀နှုန်း၊ လပေးတစ်လလျှင် ကျပ် ၂၀၀၀ ဝန်းကျင်နှုန်းဖြင့် ဝယ်ယူဖတ်ရှု၍ ရဆဲဖြစ်သည်။ နိုင်ငံပိုင် သတင်းစာများတွင် ရေးသားဖော်ပြလာမှုမှာ ယခင်နှစ်ပေါင်းများထက် မတူကွဲပြားမှုရှိပြီး လွတ်လပ်သော အများအကျိုးပြုသတင်းများ ဖော်ပြလာမှုများ ရှိလာနိုင်မည်ဟု နေ့စဉ်သတင်းစာဖတ်ရှုသူတစ်ဦးက သုံးသပ်ပြော ဆိုသည်။

**(မောင်စေအောင်)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂ - ၁ - ၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် |
| | သီချင်းကြီးပဒေသာ |
| ၆း၁၀ | ဘ၀ထဲက၀တ္ထု၊ ၀တ္ထုထဲကဘ၀ |
| | “ဆပ်ပြာသုံး၍မဖြူနိုင်” |
| | (ညောင်ညောင်၊ ကေကေမိုးမြင့်) |
| | (ဒါရိုက်တာ-ညီညီဘမောင်) |
| ၆း၃၀ | တေးဂီတအစီအစဉ် |
| ၆း၄၅ | ပျော်ရွှင်စေသောနေ့ရက်များ |
| | “မျက်နှာဖုံးချစ်သူ” (အပိုင်း-၉) |
| | (မိုးမိုး၊ စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ |
| | သဇင်၊ အေးသီတာ) |
| ၇း၀၀ | ဟိုးတုန်းက. . ကကြ်ဆက်ဇာတ် |
| | လမ်းများ “ရှိမိယိုဒသ” |
| ၈း၁၅ | ပန်းရည်ဘဏ်တိုက်၏ မူပိုင်ရှင် |
| | ကန်မြဲအေးကျော် |
| ၈း၄၀ | “သု၀ဏ္ဏသာမဇာတ်တော်ကြီး” |
| | (ပထမဆု) (ဦးညဏ်၀င်းနှင့် အဖွဲ့) |
| | (ရန်ကုန်တိုင်း) |
| | (ပထမပိုင်း) |
| ၁၀း၀၀ | မြန်မာဗီဒီယိုဇာတ်လမ်း |
| | “အလွှာ” |
| | (ရန်အောင်၊ ကျော်ရဲအောင်၊ |
| | မိုးယံဇွန်၊ နိုဘယ်ကျော်ကျော်) |
| | (ဒါရိုက်တာ-ကိုမျိုးထူး) |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၄၀ | “အနုဓမ္မကျင့်စဉ်” တရားတော်(ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိ၀ံသ) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အကြင်နာလက်ကလေး” (အပိုင်း-၅၉) |
| ၇း၅၀ | အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)(၁၀)ကြိမ်မြောက် ပန်းပွဲတော် |
| ၈း၀၅ | Cartoon Series (English Playground) |
| ၈း၂၅ | Cartoon Series (Go Torara Go) |
| ၈း၄၅ | Drive It |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မျဉ်းပြိုင်ကြားက မေတ္တာများ” (အပိုင်း-၈၂) |
| ၉း၅၅ | ခေတ်သစ်ပျိုမေ |
| ၁၀း၄၀ | Health Life |
| ၁၁း၀၅ | Star တို့ရဲ့ လက်ရာ |
| ၁၁း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အသက်ကလေးရယ်ရှည်စေလို” (အပိုင်း-၃+၄) |
| ၃း၃၅ | Fashion Week |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်မြင်ဇာတ်လမ်းတွဲ “အကြင်နာလက်ကလေး” (အပိုင်း-၆၀) |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မျဉ်းပြိုင်ကြားက မေတ္တာများ” (အပိုင်း-၈၃) |
| ၉း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အသက်ကလေးရယ်ရှည်စေလို” (အပိုင်း-၅+၆) |
| ၁၀း၄၀ | Forever Music Tribute Bossa (အပိုင်း-၃) |
| ၁၁း၁၀ | MRTV-4 Stage |
| ၁၁း၄၀ | နယဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းအိုးရှည် အလှုားလိုက် ပန်းအိုးထိုးနည်း) |
| ၁း၀၀ | World of Knowledge (Seconds From Disaster : Fukushima) |

## News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | Hyper Sports |
| ၈း၃၅ | The Farmer |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ် |
| ၁၀း၃၅ | သိပ္ပံနှင့် နည်းပညာအစီအစဉ် |
| ၁၁း၃၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၅၀ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁း၂၀ | တစ်ပတ်အတွင်း လွှတ်တော်သတင်း |
| ၁း၃၀ | “လူမှန်နေရာမှန်” (အပိုင်း-၁) |
| ၁း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “ကြယ်စင်ခတ္တဲ့နှလုံးသား” (အပိုင်း-၃၉) |
| ၂း၃၅ | ခြေခြေမြစ်မြစ်နှစ်နှစ် ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ) (အပိုင်း-၁၅၂) |
| ၃း၃၅ | Hyper Sports |
| ၅း၃၅ | ကဗျာရိပ်မြုံ |
| ၆း၂၀ | Graphic Info |
| ၆း၃၅ | Business News |
| ၇း၁၅ | ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ“ကိုယ်ကျင့်တရား” |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေ၀သအခြေအနေ |
| ၈း၃၅ | ပေါင်းစည်း၀ေဆာတိုင်းရင်း ဆေးကမ္ဘာ |
| ၈း၅၀ | နိုင်ငံအသက်သွေးလွှတ်လပ်ရေး ထိန်းသိမ်းစို့ပင်ထာ၀စဉ် |
| ၉း၀၀ | ပြည်တွင်းသတင်း -ဂီတတံခါးလေးဖွင့်ပါဦး -ဂီတသမား၊ ဂီတစကား -Channel Zero (အပိုင်း-၉) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## mitv

| | |
|---|---|
| 07:26 | Great Shwedagon-The Architectural Heritage |
| 07:52 | Black Gold (Part- I) |
| 08:26 | Ar Khar New Year Festival |
| 08:48 | Myanmar Traditional Bullock-Cart & Equestrian Racing |
| 09:26 | Today Myanmar & ICT (Today Myanmar & E-commerce) |
| 10:26 | Discovering Tribes "MUUN" (Episode- I) |
| 10:51 | Safari World |
| **Prime Time** | |
| 07:26 | Mogok: The Colourful Land of Rubies |
| 07:40 | Inspiration |
| 07:47 | Today Myanmar: Child Protection |
| 08:26 | National Literary Icon & Guiding Light of Myanmar Literature: Sayar Zaw Gyi (Episode- 2) Service Life and Literary Journey |
| 08:50 | Myanmar Masterclass: 3D |

# “Grand Prize”ဆုကို ပထမဦးဆုံးအကြိမ် ရရှိခဲ့တဲ့ဂျီဆွန်း

ဒီဇင်ဘာ ၃၁ရက်က ကျင်းပခဲ့သော MBC ရုပ်သံလိုင်း၏ ၂၀၁၅ ခုနှစ်အတွက် ဒရမ်မာဆုပေးပွဲတွင် တောင်ကိုရီးယားမင်းသား ဂျီဆွန်းသည် သူ၏ အနုပညာသက်တမ်းတစ်လျှောက် ပထမဦးဆုံးသော “Grand Prize ”ဆုကို သိမ်းပိုက်နိုင်ခဲ့ကြောင်း ဒရမ်မာဖီဗာဒေ့ါကွန်းတွင် ဖော်ပြခဲ့သည်။

ဂျီဆွန်းသည် အဆိုပါဆုကို “Kill Me, Heal Me”ဒရမ်မာဇာတ်လမ်းတွဲဖြင့် ရရှိခဲ့ပြီး ယင်း“ Grand Prize ”သည် ချီးမြှင့်သမျှ ရုပ်ရှင်ထူးချွန်ဆုများအနက် အနုပညာရှင်တို့ အလိုချင်ဆုံးသောဆုတစ်ခုလည်း ဖြစ်သည်။ ယင်းဆုကို မဲပေးသည့်စနစ်ဖြင့် ရွေးချယ်ခဲ့ရာ စုစုပေါင်း မဲအရေအတွက် ၄၄၉၄၈၀ အနက် ဂျီဆွန်းက ၁၈၉၃၁၉ မဲ ရရှိခဲ့သည်။

အဆိုပါဆုပေးပွဲညတွင် ဂျီဆွန်းသည် ယင်းဆုအပြင် အခြားသောဆုသုံးဆုဖြစ်သည့် ထိပ်တန်းကြယ်ပွင့်ဆုကိုလည်းကောင်း၊ ပါ့ခ်ဆိုးဂျွန်နှင့်တွဲဖက်၍ အကောင်းဆုံးတွဲဖက်ဆုကိုလည်းကောင်း၊ ထိပ်တန်းအကောင်းဆုံးဆုကိုလည်းကောင်း သိမ်းပိုက်နိုင်ခဲ့ရာ ယင်းဆုပေးပွဲည၏ အအောင်မြင်ဆုံး အနုပညာရှင်တစ်ဦးဖြစ်ခဲ့သည်။






# ၂၀၁၆ ခုနှစ်မှာ ပေါ်ထွက်လာတဲ့ပထမဦးဆုံးသော တောင်ကိုရီးယားအနုပညာရှင်စုံတွဲ

တောင်ကိုရီးယားနာမည်ကျော် ပေါ့ပ်စုံတွဲတစ်တွဲကတော့ ၂၀၁၆ ခုနှစ်ရဲ့ ပထမဦးဆုံးသောနေ့မှာပဲ တရား၀င်ကြေညာလိုက်တဲ့ စုံတွဲတစ်တွဲအဖြစ် ပေါ်ထွက်လာခဲ့ပါပြီ။ သူတို့နှစ်ဦးကတော့ “JYJ” အမျိုးသားတေးဂီတ အဖွဲ့မှ ဂျန်စုနဲ့ “EXID”အမျိုးသမီးတေးဂီတအဖွဲ့မှ အဖွဲ့၀င်တစ်ဦးဖြစ်သူ ဟန်နီတို့ပဲ ဖြစ်ကြပါတယ်။

ဂျန်စုရဲ့ အေဂျင်စီဖြစ်တဲ့ စီဂျေအက်စ်အန်တာတိန်းမန့်ကလည်း သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြတယ်ဆိုတာကို အတည်ပြုပြောကြားခဲ့ကြောင်း အောကေပေ့ါ့ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဒစ်ပတ်ချ်အွန်လိုင်းမီဒီယာကတော့ သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြတာ ခြောက်လလောက်ရှိသွားပြီဖြစ်ကြောင်းနဲ့ ပြီးခဲ့တဲ့ နို၀င်ဘာနဲ့ ဒီဇင်ဘာလအတွင်းက သူတို့နှစ်ဦးချိန်းဆိုတွေ့ဆုံမှုတွေကို ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကိုလည်း ထုတ်ဖော်ပြသခဲ့ပါတယ်။

စီဂျေအက်စ်အန်တာတိန်းမန့်က အဆိုပါစုံတွဲဟာ နာမည်ကျော်တွေဖြစ်ကြတဲ့အတွက် သူတို့ရဲ့အနုပညာလုပ်ငန်းမှာ ထိခိုက်မှုတွေရှိလာမှာစိုးရိမ်တာကြောင့် ပုဂ္ဂိုလ်ရေးအချက်အလက်တွေကို အသေးစိတ်ထုတ်ဖော် ပြောကြားနိုင်ခြင်းမရှိသေးကြောင်းလည်း ဆိုခဲ့ပါတယ်။

အေးပြည့် - ရေးသားသည်

# ဂျနီဖာလောရန့်စ်၏ နှစ်သစ်ကူးညကို မုန်းရခြင်းအကြောင်းရင်း

ဟောလိ၀ုဒ်ရုပ်ရှင်လောကမှာ လတ်တလောအောင်မြင်နေတဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ဂျနီဖာလောရန့်စ်က အခြားသူတွေနဲ့မတူ ထူးခြားစွာ နှစ်သစ်ကူးနေ့တွေကို မုန်းတဲ့သူဖြစ်ကြောင်း ဖွင့်ဟခဲ့ပါတယ်။ အကြောင်းကတော့ သူ့ရဲ့လွန်ခဲ့တဲ့ နှစ်သစ်ကူးညတွေမှာ အရက်သောက်ရင်း စိတ်ပျက်စရာတွေကို ကျော်ဖြတ်ခဲ့ရတဲ့ အမှတ်တရတွေပဲရှိခဲ့တာကြောင့်ဖြစ်တယ်လို့ မင်းသမီးက ဘီဘီစီရုပ်သံကထုတ်လွှင့်ခဲ့တဲ့ နှစ်သစ်ကူးအထူးအစီအစဉ်တစ်ခုမှာ ပြောကြားခဲ့ပါတယ်။

နှစ်သစ်ကူးနှင့်ပတ်သက်တဲ့ သူရဲ့အမှတ်တရ အားလုံးမှာလည်း အရက်သောက်ခဲ့ခြင်းနှင့် စိတ်ပျက်စရာများပင်ရှိနေကြောင်း လောရန့်စ်က ဆိုခဲ့ပါတယ်။

ဆက်လက်ပြီး မင်းသမီးက သူ့အနေနှင့်လည်း အခြားသူများကဲ့သို့ နှစ်သစ်မှာ ကောင်းမွန်တဲ့ အရာတွေနောက် တောက်လျှောက်လိုက်ခဲ့ပေမယ့် ကောင်းတဲ့အရာဟူ၍ တစ်စုံတစ်ခုမျှမကြုံရဘဲ နောက်ဆုံးမှာ စိတ်ပျက်စရာတွေနဲ့သာ အဆုံးသတ်ခဲ့ရတယ်လို့လည်း ရင်ဖွင့်ခဲ့ပါတယ်။

လောရန့်စ်ဟာ နှစ်သစ်ကူးမတိုင်မီက ကလေးဆေးရုံတစ်ခုသို့ သွားရောက်ကာ ကလေးတွေနဲ့ တွေ့ဆုံနှုတ်ဆက်ပြီး လက်ဆောင်တွေလည်း ပေးအပ်ခဲ့ပါတယ်။



# နှစ်သစ်မှာ ပြန်လည်ဆုံစည်းကြမယ့် "Guns N’ Roses"




အမေရိကန်ရော့ခ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “ Guns N’ Roses ”မှ အဖွဲ့၀င်တွေဖြစ်ကြတဲ့ အဆိုတော် အက်ဇယ်လ်ရို့စ်နဲ့ ဂီတပညာရှင် စလက်ရှ်တို့ဟာ လွန်ခဲ့တဲ့ နှစ်(၂၀)ကျော်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ၂၀၁၆ ခုနှစ်ထဲမှာ ပြန်လည်ဆုံစည်း ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ကြောင်း နယူးစ်ဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ ၂၀၁၆ ဧပြီလအတွင်းမှာ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီရိုမြို့၌ ကျင်းပသွားမယ့် “ကို့ချ်ချယ်လာတေးဂီတနှင့် အနုပညာဖျော်ဖြေပွဲ”မှာ အတူပါ၀င်ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ အက်ဇယ်လ်နဲ့ စလက်ရှ်တို့ဟာ ဧပြီ ၆ ရက်၌ လက်စ်ဗီးဂတ်စ်မှာ အတူဖျော်ဖြေသွားမယ့် အစီအစဉ်တစ်ခုလည်း ရှိပါတယ်။

အဆိုပါတေးဂီတအဖွဲ့ဟာ ၁၉၈၅ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး အက်ဇယ်လ်နဲ့ စလက်ရှ်တို့ဟာ ၁၉၉၃ ခုနှစ်မှာ နောက်ဆုံးအနေနဲ့အတူ ဖျော်ဖြေခဲ့ကာ ယင်းနောက်ပိုင်းမဆုံစည်းဖြစ်တော့ဘဲ ယခုအကြိမ်မှသာ ပြန်လည် ဆုံစည်းကြမှာ ဖြစ်ပါတယ်။



# မန်ယူကို ယခုထက်ရလဒ်ကောင်းမွန်အောင် ကြိုးဆောင်နိုင်မည်မဟုတ်ဟု ဗန်ဟားလ်ဆို



မန်ယူနည်းပြ ဗန်ဟားလ်က လက်ရှိအသင်း၏ အနိုင်ရလဒ် ပျောက်ဆုံးနေမှုကို ကြံဆောင်ရန် မျှော်ဆန်သည့် နည်းလမ်းမျိုး ၎င်းတွင်မရှိဟု ဇန်နဝါရီ ၁ ရက်က ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။ မန်ယူသည် ပရီမီယာလိဂ်ပွဲစဉ် ခြောက်ပွဲ အပါအဝင် နောက်ဆုံးကစားခဲ့သည့် ပွဲစဉ်ရှစ်ပွဲတွင် အနိုင်မရရှိခဲ့ဘဲ ပရီမီယာလိဂ်အဆင့်(၆)နေရာသို့ရောက်ရှိသွားခဲ့သလို ချန်ပီယံလိဂ်ပြိုင်ပွဲမှလည်း ထွက်ခွာခဲ့ရသည်။ ထို့ကြောင့် ချယ်လ်ဆီးနည်းပြ မော်ရင်ဟို ထုတ်ပယ်ခံခဲ့ရအပြီး ဗန်ဟားလ်မှာ ပရီမီယာလိဂ်မှ နောက်ထပ် ထုတ်ပယ်ခံရမည့် နည်းပြအဖြစ် ထိပ်ဆုံးမှ ရေပန်းစားနေခြင်းဖြစ်သည်။

ဗန်ဟားလ်က“ ကလပ်အသင်း တိုးတက်လာဖို့ မျှော်ဆန်တဲ့ နည်းလမ်း ရှိမနေပါဘူး။ ကစားသမားတစ်ဦးတစ်ယောက်ချင်းရဲ့ ခြေစွမ်းပိုင်းအပြင် ကလပ်အသင်းရဲ့ တိုးတက်မှု ကိစ္စရပ်အပါအဝင်ပေါ့” ဟုပြောကြားခဲ့သည်။

ဗန်ဟားလ်သည် ဇန်နဝါရီ ၂ ရက်တွင် ဆွမ်ဆီးအားရင်ဆိုင်ရမည် ဖြစ်သော်လည်း ခက်နေသည်မှာ ဗန်ဟားလ်လက်ထက်တွင် ဆွမ်ဆီးအား အကြိမ်တိုင်း ရှုံးနိမ့်နေခဲ့ခြင်းဖြစ်သည်။ သို့သော် နောက်ဆုံးကစားခဲ့သည့် ချယ်လ်ဆီးအားရင်ဆိုင်ရမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် မန်ယူအသင်း၏ ပုံစံကောင်းတစ်ရပ်ကို ပြန်လည်မြင်တွေ့ခဲ့ရသည်။

ဗန်ဟားလ်က မန်ယူအသင်း ရလဒ်ပြန်လည် ကောင်းမွန်လာအောင် ကြိုးပမ်းရာတွင် ကစားသမားများမှာ အရေးအကြီးဆုံးဖြစ်ကြောင်း၊ ရလဒ်အတွက် ကစားသမားများအပေါ်တွင်သာ အလုံးစုံမှီတည်နေရကြောင်း၊အနိုင်ရလဒ်ကို မဖော်ဆောင်နိုင်ချိန်တွင် ဖိအားများမည်ဖြစ်ပြီး ယင်းကိစ္စရပ်မှာ ဘောလုံးလောကအတွက် အဆန်းတကြယ်မဟုတ်ကြောင်း ဆိုခဲ့သည်။ ထို့ပြင် ဒီဇင်ဘာအတွင်းမှ ရလဒ်နှင့်ခြေစွမ်းပိုင်းကို ထည့်သွင်း မစဉ်းစားလျှင် ၂၀၁၅မှာ မန်ယူအတွက် ကောင်းမွန်သည့် နှစ်တစ်နှစ် ဖြစ်ခဲ့မည်မှာ သေချာကြောင်းလည်း တစ်ဆက်တည်းပင် ပြောကြားခဲ့သည်။

**ဗေလဲ့သင်း – စုစည်းရေးသားသည်**

## မက်ဆီကို ရပ်တန့်ဖို့ ကြိုးစားဦးမယ့် ပီတာဆက်

အာဆင်နယ်ဂိုးသမား ပီတာဆက်က ၎င်းအနေဖြင့် ချန်ပီယံလိဂ်တွင်တွေ့ဆုံရမည့် ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီအား ရပ်တန့်ရန် ထပ်မံကြိုးပမ်းသွားဦးမည်ဖြစ်ကြောင်း စကားလက်ဆောင်ပါးခဲ့သည်။ ပီတာဆက်မှာ ချယ်လ်ဆီးတွင်ရှိနေသည့်ဆယ်စုနှစ်တစ်ခု အတွင်း မက်ဆီနှင့် ရှစ်ကြိမ်ရင်ဆိုင်ခဲ့ရာ မက်ဆီမှာ ၎င်းအားကျော်ဖြတ်ကာ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ပီတာဆက်က လာမည့်ဖေဖော်ဝါရီတွင် ယှဉ်ပြိုင်ကစားရမည့် ဘာစီလိုနာအသင်း အဓိက တိုက်စစ်မှူး မက်ဆီကို ယခုတစ်ကြိမ်တွင်လည်း ရပ်တန့်အောင်စွမ်းဆောင်နိုင်လိမ့်ဦးမည်ဟု ယုံကြည်ထားသည်။

ပီတာဆက် က မက်ဆီအား ပွဲစဉ်ရှစ်ပွဲ မိနစ်အားဖြင့် မြောက်မြားစွာကြာအောင် ရင်ဆိုင်ခဲ့ဖူးရာ ပွဲတိုင်း ဂိုးသွင်းခွင့် မပေးရအောင်ကာကွယ်နိုင်ခဲ့သော သူ၏ မှတ်တမ်းကောင်းအတွက် အင်မတန် ဂုဏ်ယူမိကြောင်း၊ ယင်းမှတ်တမ်းမျိုးရရှိအောင် ကစားနိုင်သည့် ဂိုးသမားမျိုး မြောက်မြားစွာရှိနိုင်မည်မထင်ကြောင်း၊ သို့သော် ယခုမက်ဆီ ဂိုးသွင်းနိုင်လျှင်လည်း ကိစ္စမရှိကြောင်း၊ နှစ်ကျော့ကစားရမည်ဖြစ်သည့်အတွက် အခွင့်အရေးအပြည့်ရှိကြောင်း ဆိုခဲ့သည်။


## ကောင်းမွန်လွန်းသော အရည်အချင်းရှိမှသာ စပါးကိုအနိုင်ရနိုင်မည်

စပါးကွင်းလယ်ကစားသမား ဒမ်ဘီလီမှာ ဒဏ်ရာပြဿနာ ပေါင်ခြံဒဏ်ရာကြောင့် အဲဗာတန်အားရင်ဆိုင်ရမည့်ပွဲစဉ်တွင် ပါဝင်နိုင်မည်မဟုတ်သော်လည်း စပါးအနေဖြင့်လက်ရှိခြေစွမ်းကို ဆက်လက်ထိန်းသိမ်းကာ အကောင်းဆုံးအခြေအနေတစ်ခုကို ရရှိနိုင်မည်ဟု ယုံကြည်ကြောင်း နည်းပြ ပိုချက်တီနိုက စပါးပရိသတ်များအား အာမခံချက်ပေးခဲ့သည်။ ပိုချက်တီနိုက ဒမ်ဘီလီ၏ ဒဏ်ရာပြဿနာမှာ စပါးအတွက် ကြီးမားသော ထိုးနှက်ချက်တစ်ခုဖြစ်သော်လည်း လက်ရှိ ပုံစံကောင်းရနေသော ၎င်းတို့အသင်းကို အနိုင်ရရန်မှာ ပြိုင်ဖက်အသင်းက သာလွန်ကောင်းမွန်မှသာ ဖြစ်နိုင်မည်ဖြစ်ကြောင်း ဆိုခဲ့သည်။

စပါးက ဝက်ဖို့ဒ်အား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသော ပွဲစဉ်တွင် ဒမ်ဘီလီမှာ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကာ ယခင်ကလည်း ခြေချင်းဝတ် ဒဏ်ရာပြဿနာကြောင့် ရုန်းကန်ခဲ့ရသေးသည်။ ပိုချက်တီနိုက “ ဒမ်ဘီလီ ရသွားတဲ့ ဒဏ်ရာက အသေးစားလေးပါ။ ရက်သတ္တပတ်အနည်းငယ်ကြာ အနားယူရမှာဖြစ်လို့ အဲဗာတန်နဲ့ပွဲမှာ သူပါနိုင်မှာ မဟုတ်ပါဘူး” ဟု ပြောကြားခဲ့သည်။

စပါးသည် လက်ရှိတွင် ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၄)နေရာသို့ရောက်ရှိနေပြီး လာမည့်အက်ဖ်အေဖလား တတိယအဆင့် ပွဲစဉ်တွင် လက်စတာကို ဧည့်ခံကစားရဦးမည်ဖြစ်သည်။ ပိုချက်တီနိုက အဲဗာတန်မှာ အသင်းကောင်းဖြစ်သလို လက်စတာ၏ ရွှေ့လျားမှု ဦးစားပေးကစားဟန်ကြောင့် စပါးအသင်းအနေဖြင့် သေချာပေါက် အခက်တွေ့မည်ဖြစ်သော်လည်း မည်သို့မည်ပုံ အစီအစဉ်ပြုရင်ဆိုင်ရမည်ကို ကြိုတင်စဉ်းစားထားပြီးဖြစ်သောကြောင့် စိုးရိမ်စိတ်မဖြစ်မိကြောင်း ဆိုခဲ့သည်။ ပိုချက်တီနိုက စပါး၏ လက်ရှိတည်ငြိမ်နေသော ကစားဟန် ပျောက်ဆုံးသွားမည်ကို မလိုလားသောကြောင့် မည်သည့်ကစားသမားကိုမျှ ထွက်ခွာခွင့်ပေးမည်မဟုတ်ဘဲ ကစားသမားအသစ်များကိုသာ အားဖြည့်ခေါ်ယူသွားမည် ဖြစ်ကြောင်းလည်း တစ်ဆက်တည်းပင်ပြောကြားခဲ့သည်။

## ဒဏ်ရာပြဿနာကြုံတွေ့နေရသော ဝီရှိုင်းယားအား စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ရန် ဝင်းဂါးအရိပ်အမြွက်ဆို




ကွင်းလယ်ကစားသမား ဝီရှိုင်းယားမှာ ကာလကြာရှည်စွာ ဒဏ်ရာပြဿနာကြုံတွေ့နေရပြီး ယခုနှစ်ရာသီတွင် အာဆင်နယ်အတွက် တစ်ပွဲမျှ ဝင်ရောက်ကစားပေးနိုင်ခြင်းမရှိသော်လည်း ကလပ်အသင်းဘက်မှ စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ရန် ဆန္ဒရှိနေကြောင်း နည်းပြဝင်းဂါး၏ အဆိုကို ကိုးကားကာ ဒေးလီးမေးလ်အွန်လိုင်းက ဖော်ပြသည်။ ဝီရှိုင်းယားမှာ အကြီးစားခြေချင်းဝတ် ဒဏ်ရာကြောင့် ကာလကြာရှည်စွာ အနားယူနေရပြီး မကြာသေးမီကပင် နောက်ကျော ဒဏ်ရာ ထပ်မံရရှိခဲ့သည်။ သို့သော် ဝီရှိုင်းယားမှာ လာမည့်ဖေဖော်ဝါရီလအတွင်း ပြန်လည်ကစားနိုင်တော့မည်ဖြစ်ရာ ဝင်းဂါးက ဝီရှိုင်းယားအား စာချုပ်သက်တမ်းတိုးမြှင့်နိုင်ရေးမှာ အာဆင်နယ်အတွက် အရေးကြီးသော ကိစ္စရပ်ပင် ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဝီရှိုင်းယားနှင့် အာဆင်နယ်တို့အကြား ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ နှစ်နှစ်ခွဲ ကျန်ရှိနေသေးသော်လည်း ဝင်းဂါးက စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ရေးအတွက် စိတ်အားထက်သန်နေခြင်းဖြစ်သည်။

## အားကစားလောက သတင်းတိုထွာ

❍ ဖယ်လ်ကာအိုမှာ မန်ယူနှင့် ချယ်လ်ဆီးတို့တွင် ကစားခဲ့သည့် နှစ်ရာသီလုံး ခြေစွမ်းကျဆင်းခဲ့သော်လည်း အငှားသက်တမ်း ကုန်ဆုံးခဲ့လျှင် မိုနာကိုမှ ပြန်လည်ခေါ်ယူနေရာပေးရန် စီစဉ်နေကြောင်း သိရသည်။

❍ ပရီမီယာလိဂ်ကလပ် လက်စတာသည် ပီအက်စ်ဗွီနောက်ခံလူ ဆန်တီယေဂိုအေးရီးယက်စ်ကို ခေါ်ယူကာ အင်အားဖြည့်တင်းရန် ပြင်ဆင်နေသည်။

❍ လိုင်ယွန်နှင့် ရိုးမားအသင်းတို့သည် အာဆင်နယ်တွင် နေရာပျောက်ကာ မပျော်မရွှင်ဖြစ်နေသော နောက်ခံလူ ဒီဘူချီအား ခေါ်ယူရန် ကြိုးပမ်းလာနေသည်ဟု ဂိုးဒေါ့ကွန်းက ဖော်ပြသည်။

❍ မန်စီးတီးအသင်းသည် မန်ယူမှ ခေါ်ယူရန် ချိတ်ဆက်နေသော ရီးယဲလ်ကြယ်ပွင့် အစ္စကိုအား ခေါ်ယူရန် ပြင်ဆင်နေပြီဖြစ်သည်။

*လှုပ်လှုပ်ရှားရှားပြည်တွင်းအားကစား*

## လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများ ကျင်းပမည်

**ပြင်ဦးလွင် ဇန်နဝါရီ ၁**

(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီမှ ကြီးမှူး၍ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘော်လီဘောပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး အားကစားပြိုင်ပွဲများကို မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက် (လွတ်လပ်ရေးနေ့) အထိ ကျင်းပမည်ဖြစ်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲကို လွတ်လပ်ရေးကျောက်တိုင်ကွင်းတွင်လည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို YMCA ခန်းမတွင်လည်းကောင်း ယှဉ်ပြိုင်မည်ဖြစ်ကာ ကြက်တောင်ရိုက်ပြိုင်ပွဲကို မြေတိုင်းအားကစားခန်းမ၊ ဘော်လီဘောနှင့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကို ပြင်ဦးလွင်အားကစားကွင်းကြီးတွင် ကျင်းပသွားမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသည့် ဝါသနာရှင်များအနေဖြင့် မြို့နယ်အားကစားမှူးထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

အားကစားပြိုင်ပွဲတွင် ဆုရရှိသူများကို လွတ်လပ်ရေးနေ့တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

❒❒

## ဇွဲကပင် အကယ်ဒမီ (က)အသင်း ချန်ပီယံဆုရရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF U-14 100 Plus super cup ပြိုင်ပွဲတတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ကျင်းပသည်။

ဗိုလ်လုပွဲတွင် ဇွဲကပင်အကယ်ဒမီ(က)အသင်းက မန္တလေးအကယ်ဒမီအသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ပထမပိုင်းတွင် ဇွဲကပင်(က)အသင်းက ခြေစွမ်းပိုင်းပိုကောင်းခဲ့ပြီး ဂိုးနှစ်ဂိုး ရယူနိုင်ခဲ့သည်။ မန္တလေးအကယ်ဒမီအသင်းမှာ ကစားပုံကောင်းသော်လည်း ဂိုးပေးရပြီး နောက်ပိုင်းတွင် ကစားကွက်ပျက်သွားခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ဇွဲကပင်အကယ်ဒမီ(က)အသင်းက ဆက်လက်ဖိအားပေးသွားပြီး ပင်နယ်တီဂိုး အပါအဝင် အနိုင်ဂိုး သုံးဂိုး ထပ်မံသွင်းယူခဲ့သည်။

နံနက်ပိုင်းကျင်းပသည့် တတိယနေရာလုပွဲတွင် ဧရာဝတီအကယ်ဒမီက ရတနာပုံအကယ်ဒမီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တန်ဖိုးအရှိဆုံးကစားသမားဆုကို ဥက္ကာနိုင် (ဇွဲကပင်)အား ဆုတံဆိပ်နှင့် ကျပ်ငါးသောင်း၊ တတိယဆုရ ဧရာဝတီအကယ်ဒမီအသင်းအား တစ်ဦးချင်း ဆုတံဆိပ် နှင့် ကျပ်နှစ်သိန်း၊ ဒုတိယဆုရ မန္တလေးအကယ်ဒမီ(က)အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ကျပ်သုံးသိန်း၊ ပထမဆုရ ဇွဲကပင် အကယ်ဒမီ(က) အသင်းအား တစ်ဦးချင်း ဆုတံဆိပ် ကျပ်ငါးသိန်းနှင့် ဆုဖလားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရှိုင်းထက်ဇော်။**


## World Junior Golf Series နောက်ဆုံးပြိုင်ပွဲ

World Junior Golf Series 2015 ကကြီးမှူး၍ ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် Slammer & Squire Course ၌ကျင်းပခဲ့သော နိုင်ငံပေါင်း (၃၀) ကျော်မှ လူငယ်ဂေါက်သီးရိုက်အားကစားသမားများပါဝင်သော World Junior Golf Series နောက်ဆုံး ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လူငယ်ဂေါက်သီးရိုက်အားကစားသမားများဖြစ်ကြသော အမျိုးသားပြိုင်ပွဲတွင် ဘုန်းပြည့်ချမ်းဟန်က စုစုပေါင်းရိုက်ချက် ၂၁၉ ချက်ဖြင့် ပဥ္စမ၊ ဟိန်းစည်သူက စုစုပေါင်းရိုက်ချက် ၂၂၃ ချက်ဖြင့် ဒသမနှင့် (အမျိုးသမီး) ပြိုင်ပွဲတွင် ဖူးပွင့်ရတီခိုင်က စုစုပေါင်း ရိုက်ချက် ၂၃၀ ချက်ဖြင့် တတိယရရှိကြောင်းသိရသည်။

**ဖိုးသော်ဇင်။**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဇိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## အတ္တရဲ့တခြားတဖက်

ဆူဇိုနင်

### အတ္တကို ဖွင့်ဆိုကြည့်ခြင်း

"အတ္တ"ကို လူအတော်များများက တစ်ကိုယ်ကောင်းဆန်တာလို့ ထင်ကြပါတယ်။ အတ္တကြီးတာနဲ့ တစ်ကိုယ်ကောင်းဆန်တာကို အမြဲတစေရောသုံးတာမို့ အဲလို ထင်မြင်ယူဆတာလည်း မလွန်ပါဘူး။

ဒါပေမယ့် အတ္တဆိုတာက "ငါစိတ်"၊ "ငါဆိုတဲ့ အစွဲ"ကို ပြောတာသာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အတ္တကြီးတဲ့သူဟာ အမှန်တော့ တစ်ကိုယ်ကောင်းဆန်တာထက်"ငါစိတ်ကြီးလွန်းတဲ့သူ၊ ငါဆိုတဲ့အစွဲကြီးလွန်းတဲ့သူ"ပါ။

ပတ်ဝန်းကျင်မှာ မြင်ဖူးကြမှာပါ။ ပိုက်ဆံတော်တော် သုံးနိုင်တယ်။ သည်အခါမှာ အသစ်အဆန်း ပေါ်သမျှ ဝယ်တယ်၊ သုံးတယ်။ သည်ထဲမှာမှ ဘယ်တံဆိပ်ကိုမှ သုံးတာ၊ ဘယ်တံဆိပ်ကိုမှ ဝတ်တာဆိုတာမျိုးအထိ သတ်သတ်ခတ်ခတ် သုံးနေတဲ့သူတွေရှိပါတယ်။ အဲဒီလူတွေကို တစ်ကိုယ်ကောင်းဆန်တယ်လို့ ပြောလို့မရတာအမှန်ပါပဲ။ ဒါပေမယ့် ကိုဘယ်သူက သည်တံဆိပ်မှ သုံးတာ၊ မဘယ်သူက သည်လိုမျိုးမှ ဝတ်တာ အစရှိတဲ့ စကားမျိုးလေးများ ပြန်ကြားရရင် မနောခွေ့သွားတတ်ပါတယ်။ သူ့စိတ်ထဲမှာ ထုတ်ဟ မကြွေးကြော်သည့်တိုင် "အဲဒါ ငါကွ"ဆိုတာလေး ဖြစ်လာတာပါပဲ။ အဲဒါလေးကို အတ္တလို့ ပြောတာပါ။

သည့်ထက် တစ်ဆင့်တက်လိုက်ရင် ပိုရှင်းပါတယ်။ အများအကျိုးဆောင်ရွက်နေတယ်၊ ဒုက္ခရောက်တဲ့သူတွေကို ကူညီပေးတယ်၊ ကိုယ်ကျိုးတောင် စွန့်ပေးတယ်၊ အနစ်နာလည်း ခံပေးတယ်။ အဲဒါကျတော့ တစ်ကိုယ်ကောင်း မဆန်တာ တအားသိသာပါတယ်။ ဒါပေမယ့် အဲလို အများအကျိုးဆောင်နေတဲ့သူ၊ အနစ်နာခံနေတဲ့သူတွေဆီမှာလည်း အတ္တဆိုတာ ရှိပါတယ်။

သူတို့က သူများထက်ပိုပြီး အတ္တကြီးသွားတယ်။ ငါ့လိုဘယ်သူ စွန့်လွှတ်နိုင်သလဲ၊ ငါ့လို ဘယ်သူ အနစ်နာခံနိုင်သလဲ၊ ငါကသာ မှန်မြတ်တယ်၊ ငါကသာ လူအများရဲ့ အကျိုးအတွက် ဆောင်ရွက်ပေးနိုင်စွမ်းရှိတယ် ဆိုတာတွေက သူ့ရင်ထဲမှာ အုံနဲ့ ကျင်းနဲ့၊ ထုနဲ့ ထည်နဲ့ ရှိနေပါတယ်။ ဒါပေမယ့် အဲဒါကို ဘယ်သူမှ မမြင်သာဘူး။ ပတ်ဝန်းကျင်ကလည်းမြင်မှာ မဟုတ်သလို သူ့ကိုယ်သူလည်း သတိထားမိမှာ မဟုတ်ဘူး။ သူ့ကိုယ်သူ သတိမထားမိဆို အဲဒီအတ္တ တစ်ခုရဲ့ ဆန့်ကျင်ဘက် အစွန်းတစ်ဖက်စီမှာ ရှိနေတာပေမယ့် တစ်သီးတခြား မဟုတ်ဘဲ ဆက်စပ်နေပါတယ်တဲ့။ အားလုံးကတော့ အတ္တနဲ့ စကြတာပါပဲ။ ငါစိတ်၊ ငါဆိုတဲ့ အစွဲလေးနဲ့ စကြတာပဲ။ ဒါပေမယ့် အတ္တတွေ သိပ်ဖောင်းပွလာတဲ့အခါမှာ ပရဟိတဘက်ကို တဖြည်းဖြည်း ကူးလာတယ်တဲ့။ ပရဟိတ သိပ်ဖောင်းပွလာချိန်မှာ အနတ္တဆီကို ကူးသွားတတ်ပါတယ်လို့ ဆရာတော်က မိန့်ဖူးပါတယ်။

အင်္ဂလိပ်လို ego လို့ ခေါ်ပါတယ်။ bolster/boost somebody's ego လို့ ဆိုတာဟာ မိမိရဲ့ အတ္တကို ခိုင်မာလာအောင်၊ ပိုကြီးလာအောင် လုပ်တာလို့ သိုးဆောင်းဘာသာစကားမှာ သုံးပါတယ်။ ကျွန်တော်ကတော့ မြန်မာလို လွယ်လွယ်ပဲ အတ္တကို ပြောင်လက်အောင် တိုက်ချွတ်တာလို့ သုံးဖူးပါတယ်။

> "အတ္တဟာ လူတိုင်းနဲ့ မကင်းတာမို့ အတ္တကြီးခြင်းဟာ ပြဿနာ မရှိပါဘူး။ သို့ပေမယ့် သူ့အတ္တနဲ့ ကိုယ့်အတ္တသွား ထိပ်တိုက်တွေ့ရင်တော့ ဆိုးပါတယ်။ ငါမှန်တယ်၊ သူမှားတယ်ဆိုတာဟာ အတ္တချင်း ထိပ်တိုက်တွေ့ကုန်တော့ တာပါ။"

စိတ်ကလေးက သိစိတ်လိပ်ပြာရဲ့ အောက်မှာ ပါးပါးလေး ကိန်းဝပ်နေတတ်တာကိုး။

### ဆရာတော်တစ်ပါး မိန့်ကြားဖူးတာ

ဘုရားရှင်ဟာ အတ္တကိုသာ ရှာမတွေ့ခဲ့ရင် အနတ္တကို တွေ့မှာမဟုတ်ပါဘူးလို့ ကြားနာဖူးပါတယ်။

တစ်ခါသားမှာ ဓမ္မဘေရီ အရှင်ဝိရိယဆိုတဲ့ တောင်စွန်းဆရာတော်က မိန့်ကြားဖူးပါတယ်။ အတ္တနဲ့ အနတ္တက အဆက်အစပ် ရှိနေတဲ့ တစ်သားတည်း အရာ၊ ပါဠိလိုတော့ သန္တာန် (continuum) တဲ့။ စက်ဝိုင်း၊ ဒါမှမဟုတ် စက်ဝန်း

တကယ်တော့ အဲဒီစိတ်က တစ်ကိုယ်ကောင်းဆန်တာ မဟုတ်ပါဘူး။ ငါမို့ သည်လိုဆိုင်မျိုးမှာ စားတတ်တာ၊ ငါမို့ သည်လို လူမြင်တင့်တယ်အောင် ဝတ်ဆင်တတ်တာ၊ ငါမို့ သည်လို ဖုန်းမျိုးကို သုံးနိုင်တာ၊ ငါမို့ ဒါမျိုး သိတာ၊ ငါမို့ ဒါမျိုး ဆွေးနွေးနိုင်တာ၊ ငါမို့သည်လို မှတ်ချက်မျိုးရေးနိုင်တာဆိုတဲ့ ရင်ထဲမှာ ကျိတ်အောင်းနေတဲ့ စိတ်ကလေးကို ဆိုလိုတာပါ။

### လူတိုင်းနဲ့ မကင်းတဲ့အရာ

စာအစမှာ ပြောခဲ့သလို လူအတော်များများက တစ်ကိုယ်ကောင်းဆန်တာနဲ့ အတ္တကြီးတာကိုရောပြီး သုံးကြတာမို့ တစ်ဖက်သားကို သိပ်အတ္တကြီးတာပဲလို့ အလွယ်တကူ တံဆိပ်ကပ်ဖို့၊ ဝေဖန်ဖို့ နှုတ်လွယ်နေကြပါတယ်။ တကယ်တော့ အဲဒီ အတ္တဆိုတာ ဘုရား ရဟန္တာ မဖြစ်သေးသမျှ သံဃာတော်များအပါအဝင် ပုထုဇဉ် လူသားတိုင်းမှာ ရှိနေတဲ့ အရာသာဖြစ်ပါတယ်။

သူများကို အတ္တကြီးတယ်လို့ အလွယ်တကူ ပြောတတ်သူကိုယ်တိုင်မှာ အတ္တမကင်းတာကြီးကို သတိထားမိနေတဲ့အခါ အဲလို စကားသံကြားမိရင် ပြုံးမိနေရတာချည်းပါပဲ။

### အတ္တရဲ့ အန္တရာယ်

အတ္တဟာ လူတိုင်းနဲ့ မကင်းတာမို့ အတ္တကြီးခြင်းဟာ ပြဿနာမရှိပါဘူး။ သို့ပေမယ့် သူ့အတ္တနဲ့ ကိုယ့်အတ္တသွား ထိပ်တိုက်တွေ့ရင်တော့ ဆိုးပါတယ်။ ငါမှန်တယ်၊ သူမှားတယ်ဆိုတာဟာ အတ္တချင်း ထိပ်တိုက်တွေ့ကုန်တော့တာပါ။

ပရဟိတ လုပ်တာချင်းအတူတူတောင် ပူးပေါင်းလို့ မရတော့တာ၊ နိုင်ငံအကျိုးဆောင်ရွက်နေကြသူချင်းအတူတူ ရန်သူတွေလို ဖြစ်ကုန်ကြတာများဟာ အတ္တက ပွားလာတဲ့ ပြဿနာအထွေထွေပါ။ သည်အတွက် ကမ္ဘာအရပ်ရပ်မှာ စစ်ပွဲတွေ ဖြစ်ကြတယ်၊ ပဋိပက္ခတွေ ဖြစ်နေကြရပါတယ်။

အဲဒီအတ္တမှာမှ ကိုယ်ကျိုးစီးပွားတွေ ထပ်ပေါင်းလိုက်ပြီဆိုရင်တော့ ပြဿနာတွေက ပိုကြီးထွားလာတတ်တာလည်း ဓမ္မတာပါပဲ။ သည်အခါမှာ တရားတာ၊ မတရားတာ၊ သင့်လျော်တာ၊ မသင့်လျော်တာ ဘေးချိတ်ပစ်လိုက်ကြပြီး ငါအနိုင်ရရေးဘက်ကို ဇောင်းပေးဖြစ်ကုန်တတ်ပါတယ်။

လူဖြစ်နေတဲ့အတွက် မိမိမှာ ရှိနေတဲ့ အတ္တကို ပယ်ခွာဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ဒါ့ကြောင့် ပြဿနာတွေ နည်းသွားအောင် အတ္တတွေကို ပယ်ခွာကြပါလို့ သွားတိုက်တွန်းတာလောက် အဆင်ခြင်မဲ့တာ ရှိမယ် မထင်မိဘူးခင်ဗျ။

### အတ္တကို အသုံးချရအောင်

အဲသလို ပယ်ခွာမယ့်အစား အဲဒီ အတ္တလေးကို လမ်းလွှဲပေးလိုက်ရင်ရော မဖြစ်နိုင်ဘူးလားဆိုတာ စဉ်းစားနေမိပါတယ်။

ကျွန်တော်တော့ ကလေးကတည်းက ခဏခဏ လုပ်ဖူးတယ်။ လုပ်ဖူးဆို ကျွန်တော်က အတ္တသိပ်ကြီးတာကိုး။ အတန်းထဲမှာ သိပ်နေရာလိုချင်တဲ့သူ၊ သိပ်ထင်ပေါ်ချင်တဲ့သူတွေ တွေ့လာရင် ကျွန်တော်က ထိပ်တိုက်တွေ့မနေ၊ ယှဉ်မနေတော့ဘူး။ နိုင်လိုသူကို အသာတကြည် အရှုံးပေးတဲ့နည်းနဲ့ ကျွန်တော့် အတ္တက ပိုပြောင်လက်လာပါတယ်။

ကျွန်တော့်လို အလျှော့ပေးနိုင်တဲ့ စိတ်မျိုး လူတိုင်း ထားနိုင်တာကျလို့၊ နိုင်ချင်သူကို အလျှော့ပေးလိုက်တယ်ဆိုတာ တော်တော်တန်တန် သတ္တိမျိုးမှ မဟုတ်တာလို့ ခံယူထားတဲ့အတွက် ကျွန်တော့် အတ္တက ပိုပြီး ပြောင်လက်လာပါတော့တယ်။

နောက်တစ်ချက်က တူတာတွေကို တွေးပြီး အမြတ်ထုတ်ခြင်းနဲ့ အတ္တကို တိုက်ချွတ်တာ ဖြစ်ပါတယ်။ လူချင်းတူပေမယ့် အသက်ရှူချင်းကွဲတယ်ဆိုတဲ့ စကားလိုပဲ လူတစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဖက်နဲ့ တစ်ဖက်၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ကြားမှာ မတူဘဲ ကွဲလွဲနေတာ သောင်းခြောက်ထောင်မက ရှိသလို ကွဲပြားတာကို လူတိုင်း မြင်သာပါတယ်။

အဲဒီမတူတာတွေကြားမှာပဲ တူတာလေးတွေကိုမှ ကတ်ကတ်သတ်သတ် ရှာတတ်၊ မြင်တတ်၊ အသုံးချတတ်ဖို့ကျတော့ လူတိုင်း မလုပ်နိုင်တော့ပါဘူး။ အဲဒါကို မြင်တတ်၊ အသုံးချတတ်တဲ့သူက ငါပါလားဆိုတာဖြစ်အောင် အားထုတ်ခြင်းဖြင့်လည်း မိမိတို့မှာရှိနေပြီး ဘယ်လိုမှ ချွတ်မရနိုင်တဲ့ ရွှေအတ္တကို ပိုမို အရောင်တင်ပေးနိုင်ပြန်ပါလိမ့်မယ်။

### စာဖတ်သူလူကြီးမင်းများခင်ဗျား

သည်တစ်ပတ် ကျွန်တော်ဆွေးနွေးတင်ပြလိုက်တာလေးကို တစိမ့်စိမ့် တွေးပြီး ဆင်ခြင်ပေးကြမယ်ဆိုရင် ကျွန်တော်ကဖြင့် သိပ်ကျေးဇူးတင်မိမှာပါ။ ကျွန်တော်ပြောတိုင်း လက်ခံရမယ်လို့ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ မတိုက်တွန်းဝံ့ပါဘူး။ တိုက်လည်း မတိုက်တွန်းအပ်ပါဘူး။ သို့သော် ကျွန်တော့်ဆွေးနွေးချက်ကို သေချာ ပြန်ဆင်ခြင်ကြည့်ပြီးတဲ့နောက် မိမိတို့ရဲ့ ဘဝမှာ၊ မိမိတို့ရဲ့ ပတ်ဝန်းကျင်မှာ အသုံးတည့်တယ်ဆိုတော့လည်း ကောက်နုတ်သုံးစွဲကြပေါ့ခင်ဗျာ။ အသုံးမတည့်ဘူးဆိုတော့လည်း ကျွန်တော့်ဆွေးနွေးချက်ကို ပစ်ပယ်လိုက်ပေါ့ခင်ဗျာ။ ဘာမှ မခက်ပါဘူး။

ကျွန်တော်ကတော့ လူ့ဘောင်မှာ ရင်ဆိုင်နေရတဲ့ ပဋိပက္ခအထွေထွေ၊ ပြဿနာအရပ်ရပ်ကို တတ်နိုင်သမျှ ပြေလည်စေချင်တဲ့ အတ္တလေးမဖြစ် ညစ်ကျယ်နဲ့ သည်အကြောင်းကို မပြောရဲ ပြောရဲနဲ့ ပြောကြည့်လိုက်တာပါ။ အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ် ခင်ဗျား။

---

# စပါးအဟောင်းများ ဈေးနှုန်းကျဆင်းသော်လည်း စပါးအသစ်မှာ ဈေးနှုန်းအမြင့်တွင် ရပ်တည်နေ

**ရွှေဘို ဇန်နဝါရီ ၁**

ရွှေဘိုခရိုင်ဒေသတွင် မိုးစပါးများ လှိုင်လှိုင်ရိတ်သိမ်းနေ၍ စပါးအဟောင်းများ ဈေးနှုန်းကျဆင်းသော်လည်း စပါးအသစ်မှာ ဈေးနှုန်းအမြင့်တွင် ရပ်တည်နေလျက်ရှိကြောင်း ဒေသခံလယ်သမားများ၊ စပါးရောင်းဝယ်သူ စပါးပွဲစားများထံမှ သိရသည်။

အဆိုပါ ရွှေဘိုခရိုင်ဒေသတွင် သဖန်းဆိပ်ဆည်ရေဖြင့် စိုက်ပျိုးနိုင်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၌ စပါးအများဆုံးစိုက်ပျိုးရာ ဒေသတစ်ခုဖြစ်သည့်အပြင် မိုးစပါးကို လယ်မြေဧကပေါင်း ငါးသိန်းကျော် ခြောက်သိန်းနီးပါး စိုက်ပျိုးနိုင်ပြီး နွေစပါးကိုလည်း ဧကပေါင်း သုံးသိန်းကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယင်းဒေသတွင် ရွှေဘိုပေါ်ဆန်းမွှေးစပါးကို အများဆုံးစိုက်ပျိုးခဲ့ပြီး စပါးအထွက်နှုန်းကောင်းသည့် အပြင် ဈေးနှုန်းလည်း တစ်နိုင်ငံလုံးတွင် အမြင့်မားဆုံး ဖြစ်သည့်အတွက် တောင်သူလယ်သမားတိုင်း အားထား၍ စိုက်ပျိုးနေကြကြောင်း၊ရွှေဘိုပေါ် ဆန်းမွှေးစပါးသည် စက်တင်ဘာ၊ အောက်တိုဘာလများတွင် စပါးတင်း တစ်ရာလျှင် အရည်အသွေးအလိုက် ကျပ်တစ်ဆယ့်လေးသိန်းထိ မကြုံစဖူး စံချိန်သစ် တင်နိုင်လောက်အောင် ဈေးနှုန်းမြင့်မားခဲ့ကြောင်း၊ ယခုအချိန်တွင် စပါးအသစ်များ လှိုင်လှိုင်ရိတ်သိမ်းနေ၍ ရွှေဘိုပေါ်ဆန်းမွှေး စပါးအဟောင်းများမှာ တဖြည်းဖြည်းနှင့် ကျပ်တစ်ဆယ့်နှစ်သိန်းထိ ဈေးနှုန်းကျဆင်းသွားသော်လည်း ရွှေဘိုပေါ်ဆန်းမွှေး စပါးအသစ်မှာ အရည်အသွေးအလိုက်ကျပ် ကိုးသိန်း (သို့မဟုတ်) ကိုးသိန်းကျော်နှင့်ဈေးနှုန်း အမြင့်တွင် ရပ်တည်နေကြောင်း ခင်ဦးမြို့ စပါးရောင်းဝယ်သူ စပါးပွဲစား ဦးစိုးထံမှ သိရသည်။

ရွှေဘိုပေါ်ဆန်းမွှေးစပါး အသစ်ကို ဝယ်ယူရာ၌ အများအားဖြင့်ကြိတ်ခွဲပြီး ဆန်အဖြစ် ရောင်းချရန်မဟုတ်ဘဲ ဈေးကောင်းသည့်အချိန်ရောက်မှသာ ရောင်းချနိုင်ရေးအတွက် ဝယ်ယူသိုလှောင်နေခြင်းဖြစ်ကြောင်း၊ ၎င်းစပါးသည် လှိုင်လှိုင်ရိတ်သိမ်းနေ၍ ဈေးနှုန်းဆက်လက် မြင့်တက်မည် မဟုတ်သော်လည်း ယနေ့ပေါက်ဈေး ထက်ဆိုးရွားစွာ နိမ့်ကျခြင်းမရှိဘဲ ပုံမှန်ဈေးနှင့် အရောင်းအဝယ် ဆက်လက်ဖြစ်နေလိမ့်မည်ဟု ဒေသခံလယ်သမားက ယုံကြည်နေကြသည်။

**(ရောင်နီတင်ဝင်း)**

ကျန်းမာရေးဆောင်းပါး

# စိမ်းစားဥနဲ့ ကျန်းမာရေး



**à ay;ufy;uf**

ယခုလိုချမ်းအေးသော ဆောင်းရာသီရောက်ပြီဆိုရင်ဖြင့်၊ တစ်နှစ်မှတစ်ခါသာ ပေါ်လေ့ရှိသည့် ရာသီစာစိမ်းစားဥလေးများကို စားသုံးနိုင်ပါပြီ။ အဖြူရောင် ဟင်းသီးဟင်းရွက်နွယ်ဝင် စိမ်းစားဥတို့သည် အာလူးမျိုးနွယ်ဖြစ်ကြသော်လည်း၊ သူ့ရဲ့ ကြီးထွားမှုပုံစံသည် ပဲပင်နှင့် တူသောကြောင့် အချို့အရပ်ဒေသများတွင် 'ပဲစိမ်းစားဥ'လို့ ခေါ်ဆိုကြပါသည်။

မြန်မာပြည်အနှံ့ အပြားတွင် ပေါက်လေ့ရှိပြီး အထူးသဖြင့် ရှမ်းပြည်နယ်ထွက် စိမ်းစားဥသည် အရွယ်အစားပိုကြီးကာ အရည်လည်းရွှမ်းပါသည်။ သဘာဝအရသာ ချိုချိုလေးမို့၊ အခွံနွှာ၍သူ့ချည်းပဲ သရေစာအဖြစ်စားကြသလို၊ ပါးပါးလှီးကာ အစိမ်းကြော် ကြော်စားလေ့ရှိကြပါသည်။

USDA ၏ ဓာတ်ခွဲစမ်းသပ်မှုအရ၊ ၁၀၀ ဂရမ်ရှိသော စိမ်းစားဥထဲတွင်၊ ရေဓာတ်ပေါကြွယ်ဝကာ ခွန်အား ၃၈ ကယ်လိုရီ၊ ကစီဓာတ် ၈ ဒသမ ၈၂ ဂရမ်၊ ပရိုတင်း သုညဒသမ ၇၂ ဂရမ်၊ သဘာဝအဆီဓာတ် သုညဒသမ ၁၉ ဂရမ်၊ ချေဖျက်လွယ်သော အမျှင်ဓာတ် ၄ဒသမ၉ ဂရမ်၊ ဖောလိပ် ၁၂ μg၊ နီအာစင် သုည ဒသမ ၂၀၀ မီလီဂရမ်၊ Pantothenic အက်ဆစ် သုည ဒသမ ၁၃၅ မီလီဂရမ်၊ Pyridoxine သုည ဒသမ ၀၄၂ မီလီဂရမ်၊ ရီဘိုဖလာဗင် သုည ဒသမ ၀၂၉ မီလီဂရမ်၊ သီအာမင် သုည ဒသမ ၀၂၀ မီလီဂရမ်၊ ဗီတာမင်အေ ၂၁IU၊ ဗီတာမင်စီ ၂၀ ဒသမ ၂ မီလီဂရမ်၊ ဗီတာမင်အီး သုည ဒသမ ၄၆ မီလီဂရမ်၊ ဗီတာမင်ကေ သုည ဒသမ ၃ μg၊ ဆိုဒီယမ် ၄ မီလီဂရမ်၊ ပိုတက်စီယမ် ၁၅၀ မီလီဂရမ်၊ ကယ်လ်စီယမ် ၁၂ မီလီဂရမ်၊ ကော့ပါး သုည ဒသမ ၀၄၈ မီလီဂရမ်၊ သံဓာတ် သုည ဒသမ ၆၀ မီလီဂရမ်၊ မဂ္ဂနီစီယမ် ၁၂ မီလီဂရမ်၊ မဂ္ဂနီးစ် သုည ဒသမ ၆၀ မီလီဂရမ်၊ ဇင့် သုည ဒသမ ၁၆ မီလီဂရမ်၊ ဘီတာကယ်ရိုတင်း ၁၃ μg၊ စသည်ဖြင့် လူသားတို့ ကျန်းမာရေးကို အကျိုးပြုစေသော ဗီတာမင်နှင့် သတ္တုဓာတ်တို့ပါရှိကြပြီး ဘေးဥပါဒ်ဖြစ်စေသော ကိုလက်စထရောလုံးဝ မပါရှိပါဘူး။



၁။ စိမ်းစားဥထဲတွင်ပါရှိသော Oligo-fructose inulin (ခေါ်) သဘာဝအချိုအရသာ ကစီဓာတ် ပါရှိ၏။ ထိုအချိုဓာတ်ပါရှိသော စိမ်းစားဥကို သင့်တင့်မျှတသောပမာဏ စားသုံးပေးခြင်းဖြင့် ဆီးချို၊ သွေးချိုရောဂါသည်များကို ဘေးဥပါဒ်မဖြစ်စေနိုင်ဘဲ အာသာပြေနှုတ်မြိန်စေပါသည်။

၂။ ဗီတာမင်စီလုံလောက်စွာပါရှိသဖြင့် အအေးမိ၊ နှာစေး၊ ချောင်းဆိုးစသော ကူးစက်နာရာသီဖျားများအပြင်၊ အထူးသဖြင့် ကလေးငယ်များ ပန်းနာရင်ကျပ်ရောဂါကို လျော့ပါးသက်သာ လာစေနိုင်ပါသည်။

၃။ စိမ်းစားဥထဲတွင်ပါရှိသော ဗီတာမင်စီက ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် အစွမ်းထက်စေကာ၊ ခန္ဓာကိုယ်ထဲရှိ အန္တရာယ်ဖြစ်စေသော ဖရီးရယ်ဒီကယ်လ်များကို တိုက်ထုတ်ပေးနိုင်သောကြောင့် ကင်ဆာရောဂါမှ ကာကွယ်ပေးပါသည်။

၄။ ကယ်လိုရီလုံးဝမပါရှိသော စိမ်းစားဥကိုစားပေးခြင်းဖြင့်၊ ကိုလက်စထရောပမာဏကို မျှတစေကာ၊ နှလုံးရောဂါများအပြင်၊ နှလုံးရောဂါနှင့်စပ်လျဉ်းသည့် သွေးတိုးရောဂါတို့ကိုလည်း မဖြစ်စေပါ။

၅။ စိမ်းစားဥသည် ခန္ဓာကိုယ်ထဲရှိ ဆံချည်မျှင်သွေးကြောများကို အလွယ်တကူ မပျက်စီးစေဘဲ ကျန်းမာသန်စွမ်းစေပါသည်။

၆။ စိမ်းစားဥထဲတွင် Homocysteine (ခေါ်) အမိုင်နိုအက်ဆက်တစ်မျိုး ပါရှိသည့်အတွက် စိမ်းစားဥပုံမှန်စားသုံးသောသူများသည် စိမ်းစားဥလုံးဝမစားသောသူများထက် ခန္ဓာကိုယ်ဇီဝကမ္မဖြစ်စဉ်ကို ၁၁ ရာခိုင်နှုန်းအထိ တိုးတက်ကောင်းမွန်စေကြောင်း WH Foods မှ အတည်ပြုထားပါသည်။

၇။ ဗီတာမင်နှင့် သတ္တုဓာတ်များပါရှိသည့်ပြင်၊ ပြင်ပရောဂါကူစက်ခြင်းမှ ကာကွယ်ပေးသော စိမ်းစားဥကို စားပေးခြင်းဖြင့် ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေကြောင်း USDA မှ အကြံပြုထားပါသည်။

၈။ စိမ်းစားဥထဲတွင် ရေဓာတ် ၈၆ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ ကြွယ်ဝစွာပါရှိသောကြောင့်၊ ရေငတ်ပြေစေကာ၊ ခန္ဓာကိုယ်တွင်း အပူရှိန်ကို လျော့ပါးသက်သာစေနိုင်ပါသည်။ ဆီးလည်းရှင်စေပါသည်။

၉။ စိမ်းစားဥ၏ အလွန်ကြွပ်ဆပ်သော အသားများက သွားများတွင် အစွန်းအထင်းဖြစ်စေသော မော်လီကျူးများကို ကောင်းစွာ ချေဖျက်ပေးသဖြင့်၊ သွားများ ဖြူဖွေးသန့်စင်စေရုံသာမက၊ သွားကျန်းမာရေးကို အထောက်အကူဖြစ်စေနိုင်ပါသည်။

၁၀။ ကိုယ်တွင်းကျန်းမာရေး အတွက်သာမက၊ ခန္ဓာကိုယ်အသားအရေကိုပါ ကောင်းကျိုးပြုစေနိုင်၏။ စိမ်းစားဥကိုပါးပါးလှီးပြီး မျက်နှာအနှံ့ ကပ်ပါ။ စိမ်းစားဥ၏ အအေးဓာတ်ပျောက်သွားသောအခါ မျက်နှာမှခွာပြီး၊ ရေစင်ဆေးပေးရုံမျှဖြင့် မျက်နှာပေါ်ရှိ ဆဲလ်အသေများကို ဖယ်ရှားပေးပြီး၊ ချွေးပေါက်များကို ပွင့်စေကာ၊ အသားအရေ ကြည်လင်သန့်စင်လာပါလိမ့်မည်။

**သတိပြုရန်**

(၁) စိမ်းစားဥ နှင့်နို့၊ ချောကလက်၊ ချိုချဉ်၊ သပွတ်သီး၊ ရှောက်သီးတို့ဖြင့်တွဲ၍ မစားသင့်ပါ၊ အော့အန်တတ်ပါသည်။

(၂) စိမ်းစားဥသည် ရေခဲချောင်းနှင့် မတည့်ပါ။ ရင်ကျပ်စေပါသည်။

(၃) စိမ်းစာဥထဲတွင် ကျေညက်လွယ်သော အမျှင်ဓာတ်ပါရှိသော်လည်းပဲ လိုအပ်သည်ထက် ပိုစားမိပါက၊ လေပွစေနိုင်သောကြောင့် ဝမ်းမီးညံ့သူများနှင့် သက်ကြီးရွယ်အိုတို့ မျှတရုံသာစားပေးသင့်ပါသည်။

(၄) သဘာဝအရ မြေကြီးထဲတွင် ဥဥသော အသီးဖြစ်သဖြင့်၊ ကပ်ပါးပိုးမွှားများအန္တရာယ်မှ ကင်းဝေးစေအောင် အခွံနွှာရုံသာမက၊ ရေစင်စင်ဆေးပြီးမှသာ စားသုံးသင့်ပါသည်။

**မှတ်ချက်**

သန့်ရှင်းလတ်ဆတ်သော စိမ်းစားဥ၏ အင်္ဂါရပ်များမှာ

(က) လက်ဖြင့်ကိုင်မြှောက်ကြည့်ပါက လေးလံနေ၏။

(ခ) အသီး၏ အပင်ကိုင်းသည်စိမ်းစိုနေရပါမည်။

(ဂ) အခွံမခြောက်သင့်ပါ။ ထို့ကြောင့် အရွေးမမှားဖို့ လိုပါသည်။

သင်္ကာကောင်းပါသည်။ သဘာဝတရားကြီးက လူသားတို့ ကျန်းမာရေးကို တစ်ဖက်တလမ်းမှ ကူညီပံ့ပိုးပေးလျက်ရှိရာ ယခုလို အေးမြသောဆောင်းရာသီတွင် ခန္ဓာကိုယ်တွင်းအပူအောင်းကာ၊ လည်ချောင်းကွဲ အပူကန်ဖျားနာခြင်း ကင်းဝေးအောင် ရေဓာတ်ကြွယ်ကာ ခန္ဓာကိုယ်တွင်းအေးမြစေသော စိမ်းစားဥကို ဟင်းလိုတစ်မျိုး၊ သရေစာလို တစ်ဖုံ စားသုံးကြစေလိုပါကြောင်း။

**ကိုးကား** –

**အင်တာနက်** (Yum bean's Nutrient)

## GAP စနစ်ဖြင့် စိုက်ပျိုးခဲ့သော မိုးစပါး တစ်ဧကအထွက်နှုန်း တင်း၁၀၀ကျော် ထွက်ရှိ

**ပုလဲ ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ တောင်သူ ဦးသန်းလှိုင်၏ ကွင်းအမှတ် (၉၀၄)၊ ဦးပိုင်အမှတ် (၃၇၃)တွင် သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ချက် (GAP)ဖြင့် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော မိုးစပါး ဧရာမင်းမျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧက စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ တစ်ဧကတင်း ၁၀၀ ကျော်ထွက်ရှိခဲ့ကြောင်း သိရသည်။

ယင်း မိုးစပါး စံကွက်ရိတ်သိမ်းပွဲတွင် ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဦးဇော်ဝင်းစိုးက "အာဆီယံနိုင်ငံများတွင် မြန်မာနိုင်ငံသည် စပါးအများဆုံး စိုက်ပျိုးတဲ့နိုင်ငံဖြစ်ပါတယ်။

ဒါကြောင့် သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၄ ချက် (GAP)ဖြင့် တစ်ဧကအထွက်နှုန်းမြင့်မားစေရေး၊ အထွက်နှုန်းမိတ်ဖက်များဖြစ်တဲ့ ကောက်ကွက်ပြည့်မီရေး၊ အောင်နှံပင်ပွား တိုးပွားရေးနှင့် တစ်နှံပါအောင်စေ့ တိုးပွားရေး လိုအပ်ချက်များကို သိရှိပြီး လာမည့် ရာသီများတွင် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးကို ရည်ရွယ်ပြီး စံကွက်ရိတ်သိမ်းပွဲသို့ တောင်သူများကို ဖိတ်ခေါ်ပြီး ရှင်းလင်းပြသပေးခြင်းဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူ ဦးသန်းလှိုင်၏ လယ်ယာမြေပေါ်တွင် စိုက်ပျိုးထားသည့် ဧရာမင်းစပါးခင်း၏ ၆ ဒသမ ၆ပေ ပတ်လည်အကွက် တစ်ဧက၏ ၁၀၀၀ ပုံ တစ်ပုံအား စံကွက်ရိတ်သိမ်းရာ နို့ဆီဘူး ၁၆ ဘူး ရရှိကြောင်း သိရသည်။

အဆိုပါ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် GAP စနစ်ဖြင့် စိုက်ပျိုးခဲ့သော မိုးစပါး ဧရာမင်းမျိုးစေ့ထုတ် စိုက်ခင်း ၁၀ ဧက၊ မိုးစပါးအထွက်နှုန်း တိုင်းတာနိုင်ရေး စံကွက်ရိတ်သိမ်းပွဲသို့ ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဦးအောင်ကို၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ညှိအဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသည့် တောင်သူ ၇၀ ကျော် တက်ရောက် လေ့လာခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် မိုးစပါး လျာထား ဧက ၄၅၀၀၀ ရှိရာ ယခုနှစ်တွင် မိုးစပါးစိုက်ဧက ၄၅၁၀၁ စိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် လျာထားချက်ထက် ၁၀၁ ဧက ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားခွဲရုံ ဖွင့်လှစ်

**ကျောက်မဲ ဇန်နဝါရီ ၁**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက် ရှမ်းပြည်နယ် ကျောက်မဲမြို့ အမှတ်(၉)ရပ်ကွက်တွင် လျှပ်စစ်ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက်က အဆိုပါဓာတ်အားခွဲရုံရှေ့တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆောင်ဆီက လွှတ်တော်ရန်ပုံငွေ ခွဲဝေသုံးစွဲမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အမှတ်(၉)ရပ်ကွက် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကြည်အုန်းက ငွေစာရင်းရှင်းတမ်းအား ဖတ်ကြားရှင်းလင်းခဲ့သည်။

ယင်းနောက်ကိုယ့်အားကိုယ်ကိုး ဓာတ်အားခွဲရုံအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်မီးလင်းရေးကော်မတီဥက္ကဋ္ဌ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းဓာတ်အားခွဲရုံအား ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်၂၅ သိန်းနှင့် ပြည်သူများမှ ထည့်ဝင်လှူဒါန်းငွေတို့ဖြင့် စုစုပေါင်း ကျပ်သိန်း ၁၄၀ ကျော် ကုန်ကျခံ၍ ဆောက်လုပ်ခဲ့ပြီး အိမ်ထောင်စု ၉၇၃ စုအား ၂၄ နာရီ မီးလင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြင့်အောင်**

## အင်ကြင်းကျောက်ပုတီးပြုလုပ်သော အင်ကြင်းကျောက်ကြမ်းချောများရှားပါးလာ

**နွားထိုးကြီး ဇန်နဝါရီ ၁**

အင်ကြင်းကျောက်ပုတီးပြုလုပ်သော အင်ကြင်းကျောက်ကြမ်းချောများ ရှားပါးလာ၍အင်ကြင်းကျောက်ပုတီးပြုလုပ်သူများအခက်အခဲများရှိနေကြောင်း အင်းကြင်းကျောက်ပုတီးပြုလုပ်သူများက ပြောသည်။

အဆိုပါ အင်ကြင်းကျောက်ဖြင့် ကျောက်ပုတီး၊ ကျောက်လည်ဆွဲစသည့် အလှဆင်ပစ္စည်းများဈေးကွက်၌ ကျန်းမာရေးအရလည်းကောင်း၊ အလှဆင်ပစ္စည်းများအဖြစ်လည်းကောင်း လူကြိုက်များလာ၍ဈေးကွက် ကောင်းခဲ့သော်လည်း ယခုအရည်အသွေးမီ အင်ကြင်းကျောက်ထက် အင်ကြင်းကျောက်ပုတီးပြုလုပ်သော အင်ကြင်းကျောက်ကြမ်းချော ရှားပါးလာ၍ ကျောက်ပုတီးလုပ်သူတို့အခက် တွေ့လာကြကြောင်း သိရသည်။

ယခုနောက်ပိုင်းတွင် ကျောက်ပုတီး၊ ကျောက်လည်ဆွဲများကို လူကြိုက်များလာ၍ ဈေးကွက်ကောင်းခဲ့သော်လည်း ယခုလပိုင်းအတွင်းဈေးကွက် အေးနေကြောင်း ဘုရားကြီးရွာ ကျောက်ပုတီးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကျောက်သွေးလုပ်သား ၁၀ ဦးထက်မနည်း လုပ်ကိုင်ရသောအလှဆင်ကျောက်ပုတီးသွေးရာတွင် နေ့စား ကျပ် ၃၀၀၀၊ ကျပ် ၃၅၀၀ နှင့် လပြတ်အဖြစ် ကျပ် ၁၅၀၀၀၀ ဝန်းကျင်ရှိခြင်းကြောင့်ကျောက်သွေးမလုပ်နိုင်ခင် အခြားသီးနှံခင်းများတွင် အစားထိုးအလုပ်ပေးနေရကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကုန်ကြမ်း အင်ကြင်းကျောက် ရှားပါးလာ၍ ဟိုတယ်၊ မိုတယ်၊ အင်းများတွင် ရောင်းချရန် အင်ကြင်းကျောက်ပုတီးများနောက်လာမည့်အနာဂတ်တွင် ရှားပါးသွားမည်ဖြစ်ကြောင်း ယင်းလုပ်ငန်းရှင်က ခန့်မှန်းပြောပြခဲ့သည်။

**ဧွေးမြင့်မောင်**

## တာမွေမြို့နယ်၌ စွန့်ပစ်ပစ္စည်းဆိုင်ရာ လူထုအသိပညာပေးပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှူး၏ စီစဉ်မှုဖြင့်ဒုတိယဌာနမှူး ဦးစောဝင်းမောင် ဦးဆောင်ကာ လက်ထောက်ဌာနမှူး ဒေါက်တာအောင်မြင့်မော်၊ ဌာနခွဲမှူး ဒေါ်သန်းသန်းဝင်း ဒုတိယခရိုင်မှူးဦးတင်မြ၊ ဌာနစုမှူး ဒေါက်တာမိုးမိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် သမစာရီမဏ္ဍာရုံ၌ စွန့်ပစ်ပစ္စည်းဆိုင်ရာ လူထုအသိပညာပေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယဌာနမှူးက အဖွင့်အမှာစကား ပြောကြားပေးပြီး လက်ထောက်ဌာနမှူးက အမှိုက်သိမ်းစည်းမှုနှင့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားပေးသည်။

ဆက်လက်၍ အီတလီနိုင်ငံအခြေစိုက် NGO အဖွဲ့ဖြစ်သည့် CESVI မှ အသိပညာစည်းရုံးမြှင့်တင်ရေးမှူး ဦးမင်းနေဟန်က အမှိုက်စနစ်တကျ စွန့်ပစ်မှု၏ ရလဒ်နှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၏ ဆိုးကျိုးများကို နှိုင်းယှဉ်ဆွေးနွေး ပညာပေးခဲ့သည်။

ရပ်ကွက်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဉက္ကဋ္ဌ ဦးရဲခေါင်မှလည်း ရပ်ကွက်အတွင်း မှီတင်းနေထိုင်ကြသည့် မိသားစုဝင်များအား စည်းကမ်းမဲ့အမှိုက်မပစ်ဖို့ စည်းရုံးပြောကြားခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာသူများက ရပ်ကွက်အတွင်းစိတ်ပါဝင်စားသူများ၊ ဗျိုင်းရေအိုးစင်ကွက်သစ်နှင့် ဗျိုင်းရေအိုးစင်ရွာမရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ရပ်ကွက်နှစ်ရပ်ကွက်အတွင်း အမှိုက်ကောက်၊ အမှိုက်သိမ်းခြင်းများ ပျော်ရွှင်စွာဆောင်ရွက်ခဲ့ကြသည်။

"သန့်ရှင်းရေးလုပ်ငန်းတွေမှာ ပြည်သူတွေက အသိတရားရှိရှိနဲ့ ပါဝင်လုပ်ကိုင်ကြမယ်ဆိုရင် သန့်ရှင်းသာယာတဲ့ ပတ်ဝန်းကျင်ရရှိမှာပါ။ ဒီရပ်ကွက် လမ်းဘေးဝဲယာမှာ ၆၆၀ လီတာ အမှိုက်ပုံးကြီး ၃၂ ပုံးကို လမ်းသွားလမ်းလာပြည်သူတွေ အမှိုက်အလွယ်တကူ စွန့်ပစ်နိုင်ဖို့ ချထားပေးပါတယ်။ နေ့စဉ် လှည်းနဲ့ခေါင်းလောင်းတီးပြီး နံနက် ၈ နာရီကနေပြီး ၁၀ နာရီထိလိုက်လံသိမ်းစည်းပေးနေတဲ့အတွက် စည်းကမ်းမဲ့ မစွန့်ပစ်ဖို့လိုအပ်ပါတယ်" ဟု မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးမျိုးဝင်းဦးက ပြောသည်။

အဆိုပါ အမှိုက်စွန့်ပစ်မှုပညာပေးခြင်းနှင့် အမှိုက်ကောက်သန့်ရှင်းရေးအစီအစဉ်တွင် တာမွေမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့က လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ခဲ့ကြသည်။

**၁၉၇**



## ရေဂါလန် ၁၂၀၀၀ ဆံ့ရေစင်တည်ဆောက်ပြီးစီး၍ နေ့စဉ်ရေပေးဝေနိုင်တော့မည်

**မိတ္ထီလာ ဇန်နဝါရီ ၁**

မိတ္ထီလာမြို့နယ် ရန်မျိုးအောင်ရပ်ကွက်အား နေ့စဉ်ရေပေးဝေနိုင်ရေးအတွက် ကျီးတော်ကုန်းသချိုင်းဟောင်းနေရာတွင် တစ်နာရီလျှင် ရေဂါလန် ၇၀၀၀ ထွက်ရှိသည့် ၁၀ လက်မ အကျယ်၊ အနက်ပေ ၄၅၀ ရှိသည့် အဝီစိတွင်းနှစ်တွင်းအား တူးဖော်ပြီး အ-ထ-က(၂)ကျောင်းကုန်းပေါ်၌ သံကူကွန်ကရစ်ဖြင့် အမြင့် ပေ ၅၀ ရှိ ရေဂါလန် ၁၂၀၀၀ ဆံ့ ရေစင်ကြီးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ ကြီးကြပ်ကာ မိုးပြည့်ထွန်းကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိ၍ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးဖြစ်သည်။

ရေစင်တည်ဆောက်ပြီးစီး၍ ရပ်ကွက်အတွင်းရှိ ရေပေးဝေနိုင်ရေးအတွက် ရေပိုက်များ သွယ်တန်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ရေပေးဝေခြင်း လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခင်က ရပ်ကွက်အတွင်း၌ ရေပေးဝေခြင်းလုပ်ငန်းကို ငါးရက်မှ တစ်ကြိမ် ရေပေးဝေလျက်ရှိရာမှ ရေပိုက်များ သွယ်တန်းတပ်ဆင်ပြီးစီးပါက နေ့စဉ်ရေပေးဝေသွားမည်ဖြစ်ကြောင်း စည်ပင်သာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## အဖွဲ့ပိုင်အရပ်ရပ်အခွင့်အရေးလိုင်စင်များအားဈေးပြိုင်စနစ်ဖြင့်လေလံတင်ရောင်းချ

**ကျိုက်ထို ဇန်နဝါရီ ၁**

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

လေလံတင် ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးကလေလံဆွဲဝယ်မည့်သူများအားစည်းမျဉ်းစည်းကမ်းများကို ပြောကြားခဲ့သည်။

အမဲသားလိုင်စင်သုံးခု၊ ဆိတ်သားလိုင်စင်သုံးခု၊ ဝက်သားလိုင်စင်လေးခု၊ အပေါင်ဆိုင်လိုင်စင်လေးခု၊ ဈေးကောက်လိုင်စင်သုံးခု၊ ယာဉ်ရပ်နားခကောက်လိုင်စင်နှစ်ခု၊ ဈေးအိမ်သာခကောက်လိုင်စင်နှစ်ခု၊ ကူးတို့ဆိပ်လိုင်စင်နှစ်ခုတို့ဖြင့် စုစုပေါင်းလိုင်စင် ၂၃ ခုအား လေလံဆွဲဝယ်ယူကြရာအခွန်ငွေစုစုပေါင်း ကျပ် ၂၄၂၉၇၀၀၀၀ ကောက်ခံရရှိခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

## သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏လျှပ်စစ်စီးဆင်းမှုအား တိုင်းတာသောဝါယာကြိုးများအခိုးခံရမှုဖြစ်ပွား

**ရေနံချောင်း ဇန်နဝါရီ ၁**

ရေနံချောင်းမြို့နယ်ရှိ မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းရာပိုက်လိုင်း၏ လျှပ်စစ်စီးဆင်းမှုအား တိုင်းတာသော ဝါယာကြိုးများပျောက်ဆုံးခဲ့မှုနှင့်ပက်သက်၍ တိုင်တန်းမှု ဒီဇင်ဘာ ၃၀ ရက်က ဖြစ်ပွားခဲ့ကြောင်း ရေနံချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတာဝန်ခံအရာရှိ ဦးမြင့်ကြည်နှင့်အဖွဲ့သည် ၂၀၁၂ ခုနှစ်အတွင်းမှစတင်၍ ယင်းမချောင်းအခြေစိုက် မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းရာ ရေနံချောင်းမြို့နယ် ငါးလန္တာကျေးရွာအနီးတွင် ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှ မုန်းချောင်းအကြား ၃ မိုင်ခန့်အကွာအဝေးအတွင်း တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ လျှပ်စစ်စီးဆင်းမှုကိုတိုင်းတာသော မီတာတိုင် ၁၈ တိုင်အား စိုက်ထူထားရှိခဲ့သည်။

ပိုက်လိုင်းနှင့်မီတာတိုင်တွင် ဝါယာကြိုးအချင်း ၁ စင်တီမီတာအတွင်း၌ ကြေးကြိုးသုံးချောင်းပါဖြင့်သွယ်တန်းကာ ပိုက်လိုင်း၏ ဂတ်စ်စီးဆင်းမှုကို တိုင်းတာဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၈ ရက် ညပိုင်း၌ အဆိုပါသွယ်တန်းထားသော ဝါယာကြိုးများအား ဦးမြင့်ကြည်နှင့်အဖွဲ့မှ လိုက်လံစစ်ဆေးခဲ့ရာတွင် မီတာတိုင်ခြောက်တိုင်မှ ကြေးဝါယာကြိုးအရှည်ပေ ၅၄၀ ခန့် (ကာလတန်ဖိုးကျပ် ၃၇၈၀၀၀ ခန့်)မှာ ပျောက်ဆုံးနေသည်ကို စစ်ဆေးသိရှိခဲ့ခြင်းဖြစ်ကြောင်း တရားလို၏ တိုင်ကြားချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝါယာကြိုးများဖြတ်တောက် ခိုးယူသူအား စုံးစမ်းဖော်ထုတ်အရေးယူပေးရန် ဦးမြင့်ကြည်က ဒီဇင်ဘာ ၃၀ ရက်တွင်တိုင်ကြားခဲ့သောကြောင့် ရေနံချောင်းမြို့နယ် ညောင်လှနယ်မြေရဲစခန်းမှ (ပ)၁၀၉/၂၀၁၅၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၆(၁) ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## ခရမ်းချဉ်တောင်သူများယခုနှစ်တွင်အရှုံးခံကာရောင်းချနေ

**နွားထိုးကြီး ဇန်နဝါရီ ၁**

နွားထိုးကြီးမြို့နယ်တွင် ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၁၀၀၊ ၂၀၀၊ ၃၀၀ အထိ ဖြစ်နေ၍ အလုပ်သမားစရိတ်၊ ကားစရိတ်ပင် မကျေကြောင်း ယင်းမြို့နယ်အတွင်းရှိ ခရမ်းချဉ်စိုက်တောင်သူများ အရှုံးပေါ်နေကြောင်း သိရသည်။

"ခရမ်းချဉ်သီးက မခူးမဖြစ်တော့လို့ ခူးရခြင်းဖြစ်ပါတယ်။ အလုပ်သမားငှားခက ကျပ် ၂၀၀၀၊ ကျပ် ၂၅၀၀ ပင် မရချင်ဘူး။ ဒီနှစ် ခရမ်းချဉ်သီးဈေးကွက်က တော်တော်လေး အရှုံးပေါ်နေကြတယ်"ဟု ခရမ်းချဉ် စိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောသည်။

ယင်းမြို့နယ်တွင် ကာလအတန်ကြာအောင် ခရမ်းချဉ်သီး ကျပ် ၁၀၀၀၊ ကျပ် ၁၅၀၀ ဈေးအောက်မကျသော အညာခရမ်းချဉ်သီးမှာ ဗမာသီး၊ ရှမ်းသီးအပါအဝင် ထိုင်ဝမ်သီးများပါမကျန် အရှုံးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"နောက်ပြီး ဒီနယ်ကနေ မုံရွာကို ကားတင်ပို့လိုက်ရင်လည်း ဝယ်ယူမယ့်ပွဲရုံ မရှိသလောက်ပါပဲ" ဟု ခရမ်းချဉ်သီးရောင်းချသူတစ်ဦးက ပြောသည်။

နွားထိုးကြီးနယ်တွင် ဗမာသီး၊ ရှမ်းသီး ခရမ်းချဉ်သီးစိုက်ဧက ၄၀၀၀ ခန့်ရှိပြီး ရာသီအလိုက် စိုက်နေရာမှ ယခုဆောင်းသီးနှံ မှာ အရှုံးပေါ်နေခြင်းဖြစ်သည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**





# ဆည်မြောင်း၊ တာတမံနှင့် စပါးခင်းများအတွင်း သို့ ငါးသန်ကောင်များစိုက်ထည့်

**မုံရွာ ဇန်နဝါရီ ၁**

တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ငါးစားသုံးမှုဖူလုံမှုရှိစေရန်၊ ငါးမျိုးများပြုန်းတီးမှုမရှိစေရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ငါးမွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်နိုင်ရေးအတွက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ မြစ်ချောင်း၊ အင်းအိုင်များ၊ ဆည်မြောင်း၊ တာတမံများ၊ ရေလှောင်ကန်ကြီးများ၊ သဘာဝရေပြင်များနှင့်စပါးခင်းများအတွင်းသို့ နှစ်စဉ်ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိကြောင်း သိရသည်။

"အဓိကအနေနဲ့ကတော့ သားငါးကဏ္ဍ တိုးတက်စေရေးအတွက်ပါ။ အချို့စိုက်ပျိုးလို့ မဖြစ်ထွန်းနိုင်တဲ့ နေရာတွေ၊ ရေဝပ်မြေ၊ ရေနက်ကွင်းတွေနဲ့ မွေးမြူရေးရေပြင်တွေမှာ ငါးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါးသားပေါက်နဲ့ နည်းပညာတွေကို ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။

နောက်တစ်ခုက စပါးခင်းများအတွင်းငါးနဲ့ တွဲဖက်မွေးမြူခြင်းကိုလည်း တောင်သူတွေကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်ထုတ်လုပ်နိုင်သည်အထိ နည်းပညာပေးလျက်ရှိပါတယ်" ဟု တိုင်းဒေသကြီးငါးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ချောင်း၊ ဆည်၊ တာတမံများနှင့် စပါးခင်းများအတွင်းသို့ငါးသားပေါက်ငါးသန်ကောင်ရေ ၃၅ဒသမ၉၅၀သိန်းကို မျိုးစိုက်ထည့်ပေးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစ်ချောင်း၊ တာတမံများအတွင်းသို့ ငါးသန်ကောင်ရေ ၂၅ ဒသမ ၉၅၀ သိန်း၊ စပါးခင်းများအတွင်းသို့ ငါးသန်ကောင်ရေ ၃ ဒသမ ၁၅ သိန်း စုစုပေါင်း ငါးသန်ကောင်ရေ ၂၉ ဒသမ ၁ သိန်း မျိုးစိုက် ထည့်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ကျောချောင်း–မျက်မြောင်ကျေးရွာသွား မြေသားလမ်း ဖောက်လုပ်ပြီးစီး

**ထီးလင်း ဇန်နဝါရီ ၁**

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ကျောချောင်းရွာနှင့် မျက်မြောင်ကျေးရွာကူး မြေသားလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက မျက်မြောင်ကျေးရွာအဆိုပါလမ်းထိပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၊ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်၊ ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ကျောချောင်း- မျက်မြောင် ကျေးရွာကူးလမ်းသည် အလျား ၄ မိုင်၊ အကျယ် ၁၂ ပေရှိ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုငွေ ၆၅ ဒသမ ၀၉၅ သန်းဖြင့် ရွှေခေတ်သစ်ဦးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

လမ်းဖောက်လုပ်ထားသဖြင့် အဆိုပါကျေးရွာနေပြည်သူများသည် ပုလဲ-ဂန့်ဂေါ ကားလမ်းသို့ ဆက်သွယ်နိုင်ကာ အရပ်ဒေသအသီးသီးသို့ လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်သည့်အတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **(၄၆၅)**

## လင်းခေးခရိုင်မှ အရည်အသွေးစစ်ဆေးရေး ကော်မတီအဖွဲ့ လမ်းများကွင်းဆင်းစစ်ဆေး

**မောက်မယ် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် ဒီဇင်ဘာ ၃၀ ရက်က လင်းခေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့် ဦးဆောင်သော ခရိုင်အရည်အသွေးစစ်ဆေးရေးကော်မတီအဖွဲ့၊ လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးတို့နှင့်အတူ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မောက်မယ်-ဟိုနမ့်-ပွန်ချောင်း-ဆိုက်ခေါင် ကတ္တရာလမ်းခင်းပြီး ၁၈ မိုင် ၅ ဖာလုံနှင့် ဟိုနမ့်ကျေးရွာအထိခင်းရန်ကျန်ရှိနေသော ၁ မိုင် ၇ ဖာလုံကတ္တရာလမ်းခင်းခြင်းလုပ်ငန်းတို့အား အချိန်မီပြီးစီးမှုအခြေအနေနှင့် လုပ်ငန်းအရည်အသွေးပြည့်မီစေရေးအတွက် ကွင်းဆင်းကြီးကြပ် ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး ဟိုနမ့်-ပွန်ချောင်း-ဆိုက်ခေါင်လမ်း ၁၂ မိုင် ၃ ဖာလုံ လမ်းအား ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် ၎င်းလမ်းပေါ်ရှိပေ(၁၄၀ × ၁၄)ပွန်ချောင်းတံတား ပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းစစ်ဆေးကြည့်ရှုဆောင်ရွက်ခဲ့သည်။

အဆိုပါ လမ်းများပြီးစီးသွားပါက မောက်မယ်-ဟိုနမ့်-ဆိုက်ခေါင်-ကျောက်တလုံး-ပင်လောင်း- နေပြည်တော်အထိ တစ်ရက်တည်းသွားလာနိုင်ပြီးကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ ပိုမိုမြှင့်တင်လာနိုင်ကြောင်း ဒေသခံပြည်သူများမှတစ်ဆင့် သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း၌ စာအောင်သံဃာဆု ဆက်ကပ်၍ဆွမ်းဆန်လောင်း

**ပဲခူး ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ် မဟာကြီးစာသင်တိုက်၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် စာအောင်သံဃာများ ဆုဆက်ကပ်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဒီဇင်ဘာ နောက်ဆုံးပတ်က ရွှေဟောင်းသမိုင်းဝင် မဟာကြီးစေတီရင်ပြင်တွင် ကျင်းပခဲ့သည်။

စာအောင်သံဃာတော်များအား တစ်ပါးခြင်းအလိုက် ဂုဏ်ပြုကတ်နှင့် အလှူငွေများအား အလှူရှင်များက ချီးမြှင့်ခဲ့ပြီး ဆရာတော်များအား လှူဒါန်းဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဘုန်းတော်ကြီးသင်ပညာရေးကျောင်း စာအောင်သံဃာများ ဆုဆက်ကပ်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လှူဖွယ်ပစ္စည်းအစုစုနှင့် ငွေသားကျပ် ၂၃၄ သိန်း ကိုးသောင်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

## ကျန်းမာရေးမြှင့်တင်မှုဆိုင်ရာ ဟောပြောပွဲ ရှားတောမြို့၌ကျင်းပ

**ရှားတော ဇန်နဝါရီ ၁**

IRC နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူထုအခြေပြု တာဝန်ယူမှုလုပ်ငန်းချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးမြှင့်တင်မှုဆိုင်ရာဟောပြောပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ရှားတောမြို့ နှစ်ခြင်းဘုရားကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် IRC မှ တာဝန်ရှိသူ စိုးမင်းလှိုင်က လူထုအခြေပြု တာဝန်ယူမှုလုပ်ငန်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်း(AEI )နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းမြတ်ဦးက ကျန်းမာရေးမြှင့်တင်မှုဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သံတောင်ကြီးတွင် အပတ်စဉ်(၁) အရန်သားဖွားသင်တန်းဆင်းပွဲကျင်းပ

**သံတောင်ကြီး ဇန်နဝါရီ ၁**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် အပတ်စဉ် (၁) အရန်သားဖွားသင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီ သံတောင်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဆရာဝန်ဒေါက်တာမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီးနောက် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ဆရာဝန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပေးခဲ့ကြသည်။ ယင်းနောက် သင်တန်းသူတစ်ဦးကကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူစုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ ခြောက်လ ကြာမြင့်ခဲ့ကြောင်း သိရသည်။

**မင်းသား(ပြန်/ဆက်)**

## ဘားအံမြို့တွင် ကရင်နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဘားအံ ဇန်နဝါရီ ၁**

ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ကရင်သက္ကရာဇ် ၂၇၅၅ ခုနှစ် ကရင် နှစ်သစ်ကူးနေ့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ ကရင်တိုင်းရင်းသားများ၊ ဒေသခံပြည်သူများက စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်နှစ်သစ်ကူးပွဲတော်ကို ကရင်နှစ်သစ်ကူးနေ့ကျရောက်ရာ ပြာသိုလဆန်း ၁ ရက်တွင် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာအနှံ့အပြားတွင်သာမက အခြားတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ကရင်တိုင်းရင်းသားများရှိရာ ဒေသများတွင် ကရင်နှစ်သစ်ကူးပွဲတော်များကို ကရင်ရိုးရာမပျက် ကျင်းပလျက်ရှိသည်။

ဘားအံမြို့တွင် နှစ်စဉ်ကျင်းပမြဲ ဖြစ်သော ပြည်နယ်သီရိကွင်းတွင် နံနက် ၆ နာရီ အလင်းရောင်စထွက်ချိန်တွင် ကရင်အမျိုးသားအလံကို ကရင်တိုင်းရင်းသားကြီးများက ကွဲချိုမှုတ်ပြီး ဖားစည်တီးကာ လွှင့်ထူကြမည်ဖြစ်ကြောင်း သိရသည်။




နံနက် ၇ နာရီတွင် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို ကျင်းပမည်ဖြစ်ရာ ကရင်နှစ်သစ်ကူးနေ့ မိန့်ခွန်းနှင့်ကရင်နှစ်သစ်ကူးဖြစ်ပေါ်လာပုံအားဖတ်ကြားခြင်း၊ ဂုဏ်ပြုခံ ကရင်တိုင်းရင်းသား အဘိုးအဘွားများအား ဂါဝရပြုခြင်း၊ ပြည်နယ်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်းတာဝန်ရှိသူများ၏ပြောပြချက်အရ သိရသည်။

ဆက်လက်၍ ကရင်အမျိုးသားတို့၏ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ကောက်သစ်ပေါ်ချိန် (ဖို့ဘီးယော်)ခေါ် စပါးစောင့်နတ်သမီးပူဇော်ပွဲ၊ ကောက်သစ်စားပွဲ၊ ကရင်ရိုးရာဩပွဲများကို ကျင်းမည်ဖြစ်သည်။

ယင်းအပြင် နှစ်ရက်တိုင်ကရင်ရိုးရာဒုံးအက၊ တိုင်းရင်းသားပဒေသာကပွဲများ၊ ရိုးရာလက်ဝှေ့၊ ရိုးရာ ခြင်းအလှခတ်၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုပြခန်းများ၊ ရိုးရာအထိမ်းအမှတ် အသုံးအဆောင်များနှင့် အစားအစာ အရောင်းဆိုင်များ စသည်ဖြင့်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**


နှစ်သစ်ကူးအထူးဆုမွန်ကောင်း
(၂၀၁၆)နှစ်သစ်ကူးအခါသမယတွင် မြန်မာပြည်သူပြည်သားများအားလုံး
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း
PRO 1 Home Center မိသားစုမှ
နှစ်သစ်ကူး ဆုမွန်ကောင်းတောင်းအပ်ပါသည်။
PRO 1
HOME CENTER
"One Place,Get All"
OPENING SOON ...
SATSAN BRANCH

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၂၄) ကြိမ်မြောက် ထီဖေါက်ပွဲ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀) ဆု

စ - ၉၄၉၇၄၄

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဂ - ၁၆၈၈၁၂ က - ၃၂၉၇၈၆

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ဖ - ၁၂၀၆၉၃
ဗ - ၁၇၇၉၁၉
မ - ၃၀၉၂၉၀
စ - ၈၅၆၁၅၁
ဘ - ၉၃၇၀၅၈

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

တ - ၁၀၃၂၈၅
ကဂ - ၅၈၈၂၇၉
င - ၇၀၆၈၂၂
ဌ - ၈၅၆၅၈၃
ဒ - ၈၇၉၈၅၁
ဘ - ၉၇၃၅၇၀

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

ကစ - ၄၅၁၆၉၃
တ - ၄၅၆၂၅၈
ဘ - ၅၉၃၇၈၅
ဒ - ၇၂၅၆၄၃
လ - ၇၈၂၅၂၀
ကဃ - ၉၃၇၃၆၈
ဗ - ၉၈၃၄၄၇

## ဆုတစ်ဆုစျင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | |
|---|---|---|---|
| ဒ - ၁၃၁၂၃၇ | ယ - ၄၁၉၇၇၄ | ယ - ၆၉၁၀၆၁ | ဋ - ၉၄၅၀၇၀ |
| ခ - ၁၆၃၁၁၉ | င - ၄၄၄၇၀၆ | ကက - ၇၆၂၀၈၂ | စ - ၉၅၇၂၇၈ |
| ဖ - ၂၄၄၈၇၉ | ဍ - ၅၅၃၃၁၃ | အ - ၈၅၅၇၈၉ | ဌ - ၉၉၈၃၄၃ |
| ည - ၃၆၁၈၅၀ | မ - ၆၃၃၅၄၂ | ပ - ၈၇၄၆၂၂ | |
| တ - ၄၁၆၇၆၃ | ကက - ၆၆၉၃၁၇ | ကဆ - ၉၃၃၉၀၇ | |

## ဆုတစ်ဆုစျင်းကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ယ - ၁၈၂၂၀၇ | ကဃ - ၇၀၁၉၉၇ |
| ကစ - ၃၂၂၃၈၃ | ထ - ၇၆၀၃၃၄ |
| ဌ - ၃၂၂၉၉၅ | သ - ၇၆၇၉၇၈ |
| ဌ - ၃၅၇၅၁၃ | ဏ - ၇၆၈၇၃၀ |
| ဇ - ၄၀၈၀၇၅ | န - ၈၂၈၀၆၈ |
| ဝ - ၄၂၅၈၄၆ | လ - ၈၆၄၆၁၄ |
| မ - ၅၅၈၂၂၂ | စ - ၈၆၈၈၁၅ |
| လ - ၆၅၅၉၁၈ | လ - ၈၉၂၉၅၀ |
| ဏ - ၆၇၃၉၀၈ | င - ၉၃၁၀၀၉ |
| ဟ - ၆၈၈၀၁၇ | န - ၉၈၀၀၀၉ |

## ဆုတစ်ဆုစျင်းကျပ်(၂၅)သိန်းဆုများ

| | |
|---|---|
| ရ - ၁၃၄၀၈၁ | လ - ၆၈၇၁၉၀ |
| ထ - ၂၁၈၆၂၇ | င - ၆၉၉၈၀၃ |
| ဖ - ၂၁၈၇၅၇ | ဈ - ၇၁၂၅၇၉ |
| င - ၂၉၇၆၈၇ | ထ - ၇၉၁၀၈၈ |
| အ - ၃၃၈၂၁၀ | ကက - ၈၁၉၅၉၀ |
| ကဆ - ၃၈၈၈၆၂ | ခ - ၈၈၇၀၂၆ |
| ဈ - ၄၁၉၈၃၅ | ဗ - ၈၉၅၄၈၅ |
| င - ၅၅၁၈၈၇ | ဆ - ၉၀၈၂၉၆ |
| ရ - ၆၀၄၄၆၆ | ဝ - ၉၂၅၈၉၈ |
| ဘ - ၆၃၈၈၇၃ | တ - ၉၇၁၅၂၅ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၁၀)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ရ | - | ၁၄၂၅၅၈ | ရ | - | ၆၀၀၅၄၂ |
| ခ | - | ၁၄၈၄၂၀ | စ | - | ၆၀၀၅၅၃ |
| ဌ | - | ၁၈၀၂၂၃ | ဈ | - | ၆၂၅၂၁၉ |
| ထ | - | ၂၅၉၃၀၇ | ဌ | - | ၆၅၅၇၈၃ |
| ဌ | - | ၃၈၄၃၅၇ | က | - | ၆၈၀၇၂၇ |
| ဖ | - | ၄၃၃၁၆၃ | ည | - | ၇၆၂၅၃၃ |
| က | - | ၄၄၂၉၆၄ | ထ | - | ၇၈၄၅၉၂ |
| ဂ | - | ၄၆၉၂၃၆ | ခ | - | ၇၈၇၁၇၉ |
| ဟ | - | ၄၇၆၁၂၆ | မ | - | ၈၀၀၅၁၈ |
| မ | - | ၄၇၈၁၃၄ | ဌ | - | ၈၃၁၈၈၀ |
| အ | - | ၄၈၂၄၈၄ | ဒ | - | ၈၄၀၅၉၃ |
| ကဆ | - | ၄၈၄၉၅၄ | ခ | - | ၈၅၄၉၇၇ |
| ဝ | - | ၅၀၇၂၈၃ | ဝ | - | ၈၉၁၀၀၇ |
| ခ | - | ၅၄၇၄၀၁ | လ | - | ၉၂၄၄၄၈ |
| ဈ | - | ၅၉၇၀၀၅ | ခ | - | ၉၇၀၂၈၃ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၅)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ထ | - | ၁၀၁၅၈၈ | န | - | ၄၀၃၆၄၃ |
| ကစ | - | ၁၀၄၃၅၉ | သ | - | ၄၇၈၁၆၁ |
| ဝ | - | ၁၁၇၀၆၆ | အ | - | ၅၅၉၂၂၅ |
| လ | - | ၁၃၂၉၈၉ | ကခ | - | ၅၈၃၀၇၀ |
| ကဂ | - | ၁၃၄၇၉၂ | ကက | - | ၆၀၂၁၃၅ |
| ကဃ | - | ၁၃၉၄၄၇ | လ | - | ၆၄၁၁၄၉ |
| ဂ | - | ၁၅၂၄၆၂ | ကဂ | - | ၆၄၈၉၀၈ |
| မ | - | ၁၇၃၇၈၉ | ကဂ | - | ၇၁၀၅၉၄ |
| ပ | - | ၁၇၅၀၅၅ | ဝ | - | ၇၂၃၃၉၀ |
| ဘ | - | ၁၇၇၅၀၆ | န | - | ၇၈၁၄၉၆ |
| ကဃ | - | ၁၈၂၃၄၈ | စ | - | ၈၅၈၃၃၂ |
